အတ္တသမ္ဘာ ပဏီမိ စ တော မင်္ဂလမုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၀)၊ အမှတ်(၁၆၃)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သုတေသနတွေ့ရှိချက်များ စိုက်ပျိုးသူများထံအရောက်ပေးပို့ စိုက်ပျိုးသူနှင့်စားသုံးသူ ယုံကြည်အားကိုးသောသုတေသနဖြစ်အောင်ကြိုးပမ်း အရည်အသွေးနှင့်အထွက်နှုန်းကောင်းမည့် ဟင်းသီးဟင်းရွက်များပေါ်ထွက်ရေး ပညာရှင်များ ကျွမ်းကျင်မှုနှင့်အတွေ့အကြုံအခြေခံပြီးစူးစမ်းလုပ်ကိုင်

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ သုတေသနဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ပညာပေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရဲမွန် စံပြကျေးရွာအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (Vegetable and Fruit Research and Development Centre) သို့ ရောက်ရှိကြရာ

စာမျက်နှာ ၃ ကော်လံ ၁ ✡

လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဗဟိုစိုက်ပျိုးရေး သုတေသနနှင့် လေ့ကျင့်ပညာပေးဌာန၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ကျိုင်းလပ်၌စတင်ထုတ်လွှင့်

ကျိုင်းလပ် စက်တင်ဘာ ၂၉

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းလပ်တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လိုင်းနံပါတ်–၆ ဖြင့် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်နေ့ ညနေပိုင်းမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ ၂၀၀၀၆၅

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့အာဘော်
(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး ကျရာအခန်းကဏ္ဍက အင်တိုက်အားတိုက်ပါဝင်ကြိုးပမ်းဆောင်ရွက်

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်ကို ရယူခဲ့ချိန်မှစ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပထမဦးစားပေးလုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေမည့် စီးပွားရေး၊ လူမှုရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရန် အမျိုးသား စီမံကိန်းအဆင့်ဆင့်ကို ချမှတ်ပြီး အရှိန်အဟုန်ဖြင့် စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော် စုပေါင်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည့်အလျောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးတို့သည် ဒီမိုကရေစီ အခြေခံအုတ်မြစ်များပင် ဖြစ်သည်။

ဒီမိုကရေစီသည် သက်ဆိုင်ရာနိုင်ငံ၏သမိုင်းကြောင်းအခြေခံနှင့် ပကတိအခြေအနေပေါ်တွင်သာ တည်မှီ ရပ်လုံးဖော်ကြရသည်။ ဒီမိုကရေစီကျင့်သုံးမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီမှုမရှိနိုင်ဘဲ ကွဲပြားခြားနားမှုရှိမည် ဖြစ်သည့်အလျောက် တိုင်းတစ်ပါးမှ ဒီမိုကရေစီကိုပုံတူကူးချပြီး ချက်ချင်းပုံဖော်ပြောင်းလဲ၍ မရနိုင်ပေ။

ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့က ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှင်းလင်းပြောကြားသွားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် နိုင်ငံတော်တွင် ယနေ့အချိန်အခါအရ လိုအပ်လျက်ရှိသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရေးအတွက် မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းနှင့်ကိုက်ညီသော လမ်းပြမြေပုံပင် ဖြစ်သည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆို ထောက်ခံပွဲ လူထုအစည်းအဝေးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပလျက်ရှိရာ စက်တင်ဘာလ ၂၄ရက်နေ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနား–ဆွမ်ပရာဘွမ်သွား ပြည်ထောင်စုလမ်းမကြီးနံဘေးရှိ ငြိမ်းချမ်းသာယာအားကစားကွင်း၌ တစ်ခဲနက်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ လူထုအစည်းအဝေးတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအဆိုကို မြစ်ကြီးနားမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်ယုယုကြည်က တင်သွင်းပြီး ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင်နှင့် ကချင်စာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီဝင် တရားရုံးချုပ်ရှေ့နေ ဒေါ်အင်ဘရန့်ဒွဲဘူတို့က ထောက်ခံ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်(၁၂)ရပ်အနက် နိုင်ငံရေးဦးတည်ချက်လေးရပ်နှင့် အနှစ်သာရအားဖြင့် တူညီလျက်ရှိသည်။

အဆိုပါမူဝါဒလမ်းစဉ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ရောက်ရှိရေးအတွက် ရှေ့ဆက်သွားမည့် မိမိတို့၏ ကိုယ်ပိုင်လမ်းစဉ် ဖြစ်သည်။ ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အလာကို ထွန်းပြောင်စေမည့် မိမိနိုင်ငံနှင့်လူမျိုးတို့၏ အမျိုးဂုဏ် ဇာတိဂုဏ်တို့ကို မညှိုးနွမ်းစေမည့်၊ အမျိုးသားရေး စရိုက်လက္ခဏာကို ပီပြင်စေမည့်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်မည့် လမ်းစဉ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် တစ်ခဲနက်ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပန်းဘဲတန်းမြို့နယ် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၇ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်လှိုင်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ မမေသီရိလွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ယာဉ်မောင်းနှင့်စက်ပြုပြင် သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၉

နယူးအာရှသင်တန်းကျောင်း၌ အရွယ်ရောက်သူတိုင်း ယာဉ်မောင်းတတ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ စက်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း(တစ်လပုံမှန်နှင့် ၁၀ရက်အမြန်သင်တန်း)၊ စက်ပြင်အထူး(သီးသန့်)နှစ်လ အတတ်သင်တန်း၊ အဲယားကွန်း၊ ရေခဲသေတ္တာပြုပြင်ခြင်း တစ်လသင်တန်း၊ လျှပ်စစ်ဂဟေဆက်ခြင်း တစ်လသင်တန်းများကို ကျွမ်းကျင်ဝါရင့် ဆရာ ဆရာမများဖြင့် တစ်ဦးချင်း စာတွေ့၊ လက်တွေ့စနစ်တကျ သင်ကြားပေးလျက်ရှိပြီး အပတ်စဉ် (၄၈)ကို အောက်တိုဘာ ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် အမှတ် ၉၅၃၊ ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ(မဟာစည်မှတ်တိုင်)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၆၆၁၀၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် စက်တင်ဘာ ၂၉

အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ်နှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့က ကြီးမှူးကျင်းပသည့် ဒသမအကြိမ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ကမ္ဘာ့ညီလာခံနောက်ဆုံးနေ့ အစီအစဉ်များကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပရာ မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ညီလာခံသို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများ အသင်းချုပ်ဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Dr. Dewi Motik Pramono Msi နှင့် အဖွဲ့ဝင်များ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်စိန်စိန်နှင့် အသင်းဝင်များ၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်အသင်း တည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါ်ရီရီမြင့်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊အိန္ဒိယ၊ထိုင်း၊ဩစတြေးလျ၊ ပါကစ္စတန်၊ တရုတ်(တိုင်ပေ)၊ နီပေါနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညီလာခံနောက်ဆုံးနေ့ ပထမပိုင်း အစီအစဉ်တွင် သဘာပတိအဖြစ် Ken Resources Pte Ltd. မှ Managing Director Mrs. Angeline low (ဩစတြေးလျ)က ဆောင်ရွက်ပြီး ဆွေးနွေးမည့် စာတမ်းရှင်များအား မိတ်ဆက်ပေးသည်။

ထို့နောက်"တိုးတက်မှုနှင့် ကြီးထွားမှုအတွက် ယဉ်ကျေးမှုကို နားလည်သဘောပေါက်ခြင်း" (Cultural Understanding for Progress & Growth)စာတမ်းကို TOTAL E & P Myanmar မှ Personnel & Administration Manager Mrs. Choleh Chafaie (ပြင်သစ်)၊ Asia& World Research Institute, Japan, Myanmar-Japan Relation Centre မှ မန်နေဂျင်းဒါရိုက်တာ Ms. Shiho Nishikawa၊ All-China Women's Federation, Chongaing Pearl Cleaning Co., Ltd. မှ ဥက္ကဋ္ဌ Ms.Duan Shaorong တို့က ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိနှင့် ဆွေးနွေးကြသည့် စာတမ်းရှင်များအား အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် ဥက္ကဋ္ဌ Dr. Dewi Motik Pramono Msi က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ညီလာခံဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေးပုဂ္ဂိုလ် စီးပွားရေးတက္ကသိုလ်အငြိမ်းစားပါမောက္ခ ဒေါ်လှမြင့်က ဆောင်ရွက်ပြီး ဆွေးနွေးမည့် စာတမ်းရှင်များအား မိတ်ဆက်ပေးသည်။

ထို့နောက် "အမျိုးသမီးများမှ လူမှုရေးနယ်ပယ်တွင် စီးပွားရေး စွမ်းရည်များကို အသုံးချခြင်း" (Social Entrepreneurship for Women) စာတမ်းကို Pakistan Myanmar Trade& Industry Committee of FPCCI မှ Chairperson Ms. Shirin Niazi (ပါကစ္စတန်)၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင်အမျိုးသမီးများ အသင်းချုပ်ဥက္ကဋ္ဌ Dr. Dewi Motik Pramono Msi (အင်ဒိုနီးရှား)၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် အမျိုးသမီးများအသင်းချုပ် အထွေထွေအတွင်းရေးမှူး Mrs. Rajni Aggarwal (အိန္ဒိယ)တို့က ရှုထောင့် အမျိုးမျိုးမှ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သဘာပတိနှင့် ဆွေးနွေးကြသည့် စာတမ်းရှင်များအား မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်အသင်း တည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ်ပါမောက္ခဒေါ်ရီရီမြင့်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင်အမျိုးသမီးများ အသင်းချုပ်ဥက္ကဋ္ဌ Dr. Dewi Motik Pramono Msi က ညီလာခံပြီးဆုံးကြောင်း နှုတ်ဆက်အမှာစကား ပြောကြားပြီး မွန်းလွဲပိုင်းတွင် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သပြေညိုစာပေ၊ သာကေတ၊ ဖုန်း–၅၄၄၂၅၀နှင့်ဂုဏ်ထူးစာပေ၊ ၃၃ လမ်း(အထက်) ရန်ကုန်၊ ဖုန်း–၂၁၇၁၈၆၊ ၂၈၂၇၈၄တို့က ထုတ်ဝေဖြန့်ချိသည့်ဒေါက်တာသက်လွင်၏ ကူနီနန်းနှင့်ပခန်းမြေ စာအုပ်မျက်နှာဖုံး။ (က–ပ)

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်၊ ဇာနည်အထက် (၁၁)လမ်း၊ အမှတ် ၄၃၁ နေ တက်နေဝင်းမိသားစုက ဒေါ်ခင်မြင့် မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့အမှုဆောင် ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

✡ သုတေသနမှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာစိန်လှဗိုလ်နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန စီမံကိန်း မန်နေဂျာ ဦးကျော်ဝင်းတို့က ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၏နောက်ခံသမိုင်း၊ ဆောင်ရွက်လျက်ရှိသည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသန ရှာဖွေတွေ့ရှိချက်များကို စိုက်ပျိုးထုတ်လုပ်သူများထံ အရောက်ပေးပို့နိုင်ခြင်းဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဈေးကွက်သို့ ရာသီမရွေး ပေါပေါများများ ထုတ်လုပ်တင်ပို့နိုင်မှာဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများအပါအဝင် စားသုံးသူ ပြည်သူများက ယုံကြည်အားကိုးသော သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်အောင် အားထုတ်ကြိုးပမ်းကြစေလိုကြောင်း။

သုတေသနပညာရှင်များ၏ ကျွမ်းကျင်မှုနှင့်အတွေ့အကြုံများကို အခြေခံ၍ စူးစမ်းအားထည့်လုပ်ကိုင် လိုက်မည်ဆိုပါက ယခုထက် အရည်အသွေးပိုမိုကောင်းမွန်ပြီး အရေအတွက်ပိုမိုထွက်ရှိမည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးအမျိုးအစားများ ထွက်ပေါ်လာမှာသေချာကြောင်း အားပေးစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနရှိ ဟင်းသီးဟင်းရွက်ဓာတ်ခွဲခန်း၊ သစ်သီးဝလံဓာတ်ခွဲခန်းနှင့် အပင်တစ်ရှူးဓာတ်ခွဲခန်းတို့၌ ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ၊ အပင်တစ်ရှူးမွေးမြူခြင်းနှင့် မျိုးပွားခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

စိုက်နည်းစနစ်များဖော်ထုတ်

အဆိုပါ ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနကို ၁၉၈၆ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ဒေသအလိုက် စိုက်ပျိုးလျက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံမျိုးများကို စုဆောင်း၍လည်းကောင်း၊ ပြည်ပမှမျိုးများ တင်သွင်းစမ်းသပ်ခြင်းဖြင့်လည်းကောင်း၊ မျိုးကောင်းများရွေးချယ်ထုတ်လုပ်ခြင်း၊ အရည်အသွေးအဆင့်အတန်းမြင့်မားသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးများကို မွေးမြူပွားများ ထုတ်လုပ်ခြင်း၊ သီးနှံအလိုက် မှန်ကန်သည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကိုဖော်ထုတ်၍ ဖြန့်ဖြူးပေးခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ယခုအခါ သုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာနသည် ဒူးရင်း၊ ကြက်မောက်၊ သရက်တို့ကို ကိုင်းကူးကိုင်းဆက်နည်းဖြင့် မျိုးပွားခြင်းလုပ်ငန်းကို တွင်ကျယ်စွာဆောင်ရွက်ပေးနိုင်ပြီး တစ်ရှူးမျိုးပွားနည်းဖြင့် အရွယ်ညီပြီး ရောဂါကင်းသည့် ငှက်ပျော၊ နာနတ်၊ ရှားစောင်းလက်ပတ်၊ ဂျင်း၊ စတော် ဘယ်ရီ၊ သစ်ခွ စသည်တို့ကို စီးပွားဖြစ်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။ တစ်ရှူးမျိုးပွားနည်းဖြင့် ဆီအုန်းပင်ထုတ်လုပ်မှုကို စမ်းသပ်နေဆဲဖြစ်သည်။

ဒို့ကသိုလ်

ဒို့ပြည်ရွာသား၊ ဒို့လူသားတို့
တရား၌တည်၊ သီလမှီ၍
တိုင်းပြည်မြို့ရွာ၊ စည်ပင်သာဖို့
မချို့သဒ္ဒါ၊ စေတနာနှင့်
ပညာအသိ၊ အရင်းထည့်လျက်
ပြည်၏ဝမ်းခေါင်း၊ ဆည်မြောင်းချောင်းကန်
အာရာမ်ဥယျာဉ်၊ ရေအိုးစင်နှင့်
သစ်ပင် သစ်တော၊ စိမ်းစိမ်းမောမျှ
ရှုမဝအောင်၊ တည်ထောင်စိုက်ပျိုး
ဒို့သယ်ပိုးသည်
ဒို့မျိုး ဒို့အားကိုးသတည်း။
ဒို့မျိုး ဒို့ဝန်ထမ်းသတည်း။
ဒို့ကျိုး ဒို့ခံစားသတည်း။

ဒို့အားကိုယ်ကိုး၊ ဒို့လူမျိုးတို့
မြစ်ရိုး ချောင်းရိုး၊ တံတားထိုးလျက်
တာရိုး တောင်ရိုး၊ လမ်းဖောက်လျှိုး၏
ဒို့ မျိုးဗီဇ၊ သဘာဝကား
အတ္တ ပရ၊ ကောင်းကျိုးရ၍
ဘဝချမ်းသာ၊ အရိပ်ပါအောင်
ဝေဖြာစိပ်စိပ်၊ တောတောင်ရိပ်တွင်
သစ်ရိပ် ဝါးရိပ်၊ တန်ဆောင်းရိပ်နှင့်
ကျောင်းရိပ် ကန်ရိပ်၊ ဘုရားရိပ်တို့
ရွှေရောင်ကြိုတ်ကြိုတ်၊ ငွေရောင်သိပ်လျက်
ဖိတ်ဖိတ်လျှံမောက်၊ တည်ဆောက်လှူဒါန်း
ရှုမခန်းမျှ
ဒို့နန်း ဒို့ပြည်၊ ဒို့မြေရေကို
ဒို့ တွေပြုပြင်၊ အလှဆင်သည်
ရွှေမြအသွင် ဝင်းသတည်း။
နေလနှင့်နှင့် လင်းသတည်း။
ပြေလှတွင်တွင် ချဉ်းသတည်း။ ။

သီတဂူဉာဏ်စိုး

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့ပြင် ဗဟိုဌာနသည် ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးစေ့များနှင့် မျိုးကောင်းမျိုးစေ့အသစ်များကို ထုတ်လုပ်ပေးလျက်ရှိပြီး စပ်မျိုးထုတ်လုပ်မှုကို စမ်းသပ်နေဆဲ ဖြစ်သည်။ စိုက်ပျိုးမှုနည်းစနစ်သစ်များရှာဖွေ၍ အောက်မြန်မာပြည်၌ ကြက်သွန်နီ၊ ငရုတ်တို့ကို စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လှည်းကူးမြို့နယ် ဇရပ်ကွင်း စံပြကျေးရွာအနီးရှိ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန(Central Agriculture Research And Training Centre)သို့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား အစည်းအဝေးခန်းမ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမြသွင်က ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာနသမိုင်း၊ ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများနှင့် သင်တန်းဆိုင်ရာ လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗဟိုစိုက်ပျိုးရေးသုတေသနဌာနရှိ Soil Science Laboratory၊ Plant Protection Laboratory၊ Plant Tissue Culture Laboratory နှင့် Research Achievement Show Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာများ ဖြစ်သည့် ဒေါက်တာမြသွင်နှင့် ဦးမျိုးညွန့်တို့က လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာနသည် သုတေသနလုပ်ငန်းများအဖြစ် ဥယျာဉ်ခြံသီးနှံ သုတေသန၊ မှန်လုံအိမ်နှင့် စိုက်ကွင်းသုတေသန၊ မြေဆီလွှာသုတေသန၊ သီးနှံကာကွယ်ရေး သုတေသနနှင့် စိုက်ကွင်းသုတေသန လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သင်တန်းဆိုင်ရာ လုပ်ငန်းများအဖြစ် စီမံခန့်ခွဲရေးနှင့် နည်းပညာ ဆိုင်ရာသင်တန်း၊ လုပ်ငန်းဝင်အကြိုသင်တန်း၊ ဘာသာရပ်ဆိုင်ရာ အထူးသင်တန်းများနှင့် ကာလတိုသင်တန်းများ၊ အပြည်ပြည်ဆိုင်ရာသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ စက်ရုံနယ်မြေ ကျိုက္ကလို့သို့ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၄)လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံ၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို လှည့်လည် ရှင်းလင်းပြသကြသည်။ အဆိုပါ စက်ရုံမှာ လယ်ယာ ၁၆ လက်တွန်းထွန်စက်များအတွက် ဂီယာအုံနှင့် ရုပ်အမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမှတ်(၃) လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး လက်တွန်းထွန်စက်များအတွက် ရေတိုင်ကီ၊ဆီတိုင်ကီ၊ ဒစ်ဖိုး၊ Air Cleaner၊ Exhaust Silencer စသည့်အစိတ်အပိုင်းများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံသို့ ရောက်ရှိပြီး စက်ရုံ၏ လက်တွန်းထွန်စက်များ တပ်ဆင်နေမှု၊ ကြဲဖြတ်စက်နှင့် ဒိုက်မော်ဖြတ်စက်များ တီထွင်ထုတ်လုပ်ထားမှု၊ ကုန်းမြင့်လယ်ယာမြေလုပ်ငန်း၌ အသုံးပြုနိုင်သည့် ဒိဇာအငယ်စားများ တီထွင်ထုတ်လုပ်မှုတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား သွင်းကုန် အစားထိုးနိုင်သည့် အရည်အသွေးမြင့်မားသော လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ထုတ်လုပ်နေမှုအပေါ် အားပေးစကားပြောကြားပြီး စက်ရုံနယ်မြေမှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဒီဂျစ်တယ်ဂရပ်ဖစ်ဒီဇိုင်း ပညာရှင်အဆင့်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၉

M-Plus Creative Media Group က Digital Graphic Designer Professional Course အပတ်စဉ်(၄)ကို အောက်တိုဘာလ ပထမပတ်တွင် ထပ်မံဖွင့်လှစ်၍ Corel Draw-10, Photoshop-7, Digital Image Pro(Microsoft), Illustrator-10 စသည့် Software များကို လေ့ကျင့်ခန်းများနှင့် စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။ အထူးအစီအစဉ်အဖြစ် နာမည်ကျော် Designerများ၊ ခေတ်ပံ့ပညာရှင်များ၏ ဟောပြောပို့ချမှုများပါဝင်မည့်အပြင် ရုပ်သံ တည်းဖြတ်ခြင်းအခြေခံများကို သင်တန်းသားတစ်ဦးလျှင် ကွန်ပျူတာတစ်လုံး၊ ဒစ်ဂျစ်တယ်ကင်မရာတစ်လုံး၊ စက်ပစ္စည်းစုံလင်စွာဖြင့် သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် ကင်မရာနှင့် ဒစ်ဂျစ်တယ်ကင်မရာ ရိုက်ကူးတည်းဖြတ် ထုတ်လုပ်မှု သင်တန်းအပတ်စဉ်(၆)၊ ဗီဒီယိုနှင့် ဒစ်ဂျစ်တယ်ဗီဒီယိုရိုက်ကူးခြင်းနှင့် ရုပ်သံတည်းဖြတ်မှုသင်တန်း အပတ်စဉ်(၂)၊ သက်ကြီးကွန်ပျူတာသင်တန်း အပတ်စဉ်(၂)၊ ရုပ်သံအထူးပြုချက် သင်တန်းအပတ်စဉ်(၁)တို့ကို ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် M-Plus Creative Media Group အမှတ် ၁၉၄၊ ၃၃လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၄၉၄၇၊ ၀၉၅-၀၀၇၄၂၃၊ ၀၉၈-၀၃၄၅၁၄၊ MRM(e)mail 4U. com.mm, MRT(e)mail 4U. com.mm တို့ထံ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၉-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း -ကောင်းကင်က နေမင်းကြီးပမာ (မြထက်၊ ကေသီတိုး)
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၇။ နတ်သားတောရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar Made Easy

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [သတ္တဗေဒ]
- ၁၇:၁၅ ၆။ ၂၀၀၃ခုနှစ် ဇောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၁၇:၃၀ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
- ၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ် -ကောင်းမြတ်စိတ်မှန်းသည့်မြေပန်း (သီရိကိုကို၊ ရွှေရည်သိန်းတန်)
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ Milo Success in Soccer
- ၁၉:၁၀ ၁၂။ ဘဝနိဂုံး ပြုံးပန်းတစ်ရာ
- ၁၉:၃၀ ၁၃။ ပြေးခုန်ပစ်အားကစားမယ် ယဉ်ယဉ်ခိုင်နှင့်တွေ့ဆုံမေးမြန်းခန်း -နိုင်ငံတော်အင်အား(နှင်းနုနုခိုင်)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟိုတယ်ချစ်သူ"**(အပိုင်း-၁၉)
- ၁၉။ Calcio Serie A Highlight

အမေရိကန်ဦးဆောင်ပြီး အီရတ်ကိုတိုက်ခြင်းသည် ကုလ၏အခြေခံအုတ်မြစ်ကို တိုက်ခိုက်ခြင်းပင်ဖြစ်

ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာ့ခေါင်းဆောင်များ ဝေဖန်ပြစ်တင်ပြောကြား

ရုရှားသမ္မတ ဗလာဒီမာပူတင်

ကမ္ဘာ့ရေးရာ ကိစ္စရပ်များတွင် ကုလသမဂ္ဂက ဦးဆောင်ကဏ္ဍမှ ဆက်ဆောင်ရွက်သွားရမည်ဟု ယူဆသည်။ ပဋိပက္ခအခြေအနေများကို ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂအခန်းက အထူးအရေးကြီးသည်။ အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂ တိုက်ရိုက်ပါဝင်ခြင်းသည်သာ အီရတ်ပြည်သူများအနေဖြင့် အီရတ်၏ အနာဂတ်အရေးကို ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်နိုင်လိမ့်မည်ဆိုသည့် အချက်မှာ ရုရှားနိုင်ငံ၏ မပြောင်းလဲသော တိကျရှင်းလင်းသည့် သဘောထားရပ်တည်ချက်ဖြစ်သည်။

ပြင်သစ်သမ္မတ ဂျက်ရှီရက်

ကုလသမဂ္ဂ ထောက်ခံမှုမပါဘဲ လုပ်ဆောင်ခဲ့သည့် အမေရိကန်ဦးဆောင်ပြီး ကျူးကျော်တိုက်ခိုက်မှုက နိုင်ငံပေါင်းစုံစနစ်ကို ကိုင်လှုပ်ခဲ့သည်။ လက်တွေ့အမှန်တကယ်ဖြစ်သော အချိန်ဇယားပေါ်တွင် အီရတ်၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပြန်ပေးရန် တိုက်တွန်းသည်။

ဂျာမနီဝန်ကြီးချုပ် ဂါဟာဒ်ရှရိုးဒါး

အီရတ်နိုင်ငံ၌ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အမေရိကန်နှင့် ပူးပေါင်းနိုင်ငံများ၏ သီးသန့်တာဝန်ဖြစ်သော်လည်း အီရတ်ပြည်သူများကို ကုလသမဂ္ဂ ကမကထပြုမှုဖြင့်သာ အကူအညီပေးရမည်ဖြစ်သည်။ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို အီရတ်ပြည်သူများထံ ဆောလျင်စွာ လွှဲပေးရေးသည် ဂျာမနီပြည်သူများ၏ ဆန္ဒဖြစ်သည်။



မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်

အီရတ်၏အနေအထားသည် များပြားလှသော လူမျိုးကွဲအုပ်စုများ ရှိနေမှုကြောင့် တည်ငြိမ်မှုမရနိုင်သော အနေအထားသို့ ဦးတည်နေသည်။ အီရတ်ပြည်သူများ စဉ်းစားနေကြသည်မှာ ဘယ်သောအခါမှ မိမိတို့ အစိုးရအဖြစ် အုပ်ချုပ်ရမည့်အလှည့် ရောက်လာမည်နည်းဟူသော ကိစ္စဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် အတားလ်ဘီဟာရီဗာဂျ်ပါယီ

ကုလသမဂ္ဂအပေါ် မိမိတို့၏ ရှောင်ပြန်ဟပ်မှုသည် အဓိကကျသော လက္ခဏာသွင်ပြင် သုံးရပ်အပေါ် အဓိကထားမည်ဖြစ်သည်။ ပထမမှာ ကုလသမဂ္ဂ၏ဆန္ဒအပေါ် နှစ်များစွာ လုပ်ဆောင်ခဲ့သည့် ယူဆချက်အချို့ကို ပြန်လည်ဆန်းစစ်ရန် မိမိတို့လိုအပ်သည်။ ဒုတိယမှာ အီရတ်ပြဿနာသည် လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂကိုယ်တိုင်၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အကျိုးသက်ရောက်မှုအပေါ် မလွဲမသွေ အချေအတင် ဆွေးနွေးပွဲကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။ တတိယမှာ ပြုပြင်ပြောင်းလဲမှု လုပ်ပြီးသည့်နောက်တွင် လုံခြုံရေးကောင်စီသည် နိုင်ငံတကာ အသိုင်းအဝိုင်း၏ စုပေါင်း ဆန္ဒကို ကိုယ်စားပြုသော သင့်လျော်သည့် ယန္တရားတစ်ရပ်ကို အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်စေခြင်းဖြစ်သည်။

အီရတ်ကိစ္စ အမေရိကန်နှင့်ဗြိတိန်ကို ဇင်ဘာဘွေသမ္မတ ဝေဖန်ပြစ်တင်

အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲ တရားမမျှတ၊ တရားလည်းမဝင်

အီရတ်ကို အာဏာအမြန်ပြန်ပေးရေး အမေရိကန်နှင့် ဗြိတိန်တို့ကို တောင်းဆို

အနိုင်ယူဖို့ အာဏာပေးခဲ့သလော

နာဇီဂျာမနီကို အနိုင် ယူပြီးနောက် ဆယ်စုနှစ်များစွာ ကြာလာသည့် အခါတွင် ကမ္ဘာကြီးသည် နာဇီဂျာမနီကို ထိုးနှက်အနိုင်ယူဖို့အတွက် မဟာမိတ်တို့အား အာဏာပေးအပ်ခဲ့သော အခြေခံသဘောတရားအပေါ် အခြေခံထားသည့် စနစ်တစ်ရပ်ကို အားထားနေရဆဲ ရှိသလော ။

ကုလသမဂ္ဂ စက်တင်ဘာ ၂၇

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီသည် ကုလသမဂ္ဂအထွေထွေညီလာခံ၌ သောကြာနေ့က မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

ရောဘတ်မူဂါဘီသည် အီရတ်အခြေအနေနှင့် ပတ်သက်၍ ဗြိတိန်နှင့်အမေရိကန်တို့ကို သောကြာနေ့က ၎င်းပြောကြားခဲ့သော မိန့်ခွန်းထဲတွင် ဝေဖန်ပြစ်တင် ပြောဆိုခဲ့သည်။

အမေရိကန်ဦးဆောင်ပြီး အီရတ်ကိုတိုက်ခိုက်ခဲ့ခြင်းသည် ကုလသမဂ္ဂ၏ နိုင်ငံပေါင်းစုံ အခြေခံအုတ်မြစ်အပေါ် မကြုံစဖူးသော စော်ကားခြင်းပင်ဖြစ်သည်ဟု မူဂါဘီက ပြစ်တင်ရှုတ်ချသည်။

အီရတ်ကို အမေရိကန် ဦးဆောင်တိုက်သည့်စစ်သည် တရားမျှတခြင်းမရှိသည့်ပြင် တရားလည်းမဝင်၊ တရားဥပဒေကြောင်းနှင့်လည်း မညီညွတ်ဟု မူဂါဘီက ပြောကြားသည်။

အီရတ်ပြည်သူများအား အချုပ်အခြာအာဏာ အမြန်ပြန်ပေးရန်အတွက် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုကို တောင်းဆိုရန်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား သမ္မတမူဂါဘီက တိုက်တွန်းပြောဆိုသည်။

ထို့ပြင် သမ္မတမူဂါဘီက လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို အလုံးစုံစစ်ဆေးပြုပြင်သွားရန်လည်း သူ၏မိန့်ခွန်း၌ တိုက်တွန်းပြောဆိုခဲ့သည်။ **နာဇီဂျာမနီကိုအနိုင်ယူပြီးနောက် ဆယ်စုနှစ်များစွာကြာလာသည့်အခါတွင် ကမ္ဘာကြီးသည် နာဇီဂျာမနီကို ထိုးနှက်အနိုင်ယူဖို့အတွက် မဟာမိတ်တို့အား အာဏာပေးအပ်ခဲ့သော အခြေခံသဘောတရားအပေါ် အခြေခံထားသည့် စနစ်တစ်ရပ်ကို အားထားနေရဆဲ ရှိသလော** ဟူ၍ မူဂါဘီက မေးခွန်းထုတ်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဒီမိုကရေစီကျင့်သုံးရန်ရှိကြောင်း၊ ယင်းအဓိပ္ပာယ်သည် လုံခြုံရေးကောင်စီ၏ ပေါင်းစပ်ဖွဲ့စည်းမှုနှင့် အာဏာဖြန့်ဝေမှုကို ပြန်လည်ဆန်းစစ်ခြင်း သဘောအဓိပ္ပာယ်ဆောင်ကြောင်း မူဂါဘီက ဆက်လက်ပြောဆိုသည်။ **(အင်တာနက်)**

ဘရာဇီးသမ္မတ လူလာ

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အကျပ်အတည်းကို ကုလသမဂ္ဂခေါင်းဆောင်မှုဖြင့် ကျော်လွှားနိုင်သည်။ ထိုသို့ ကုလသမဂ္ဂက ဦးဆောင်ရာတွင် လုံခြုံရေးအခြေအနေများကို ပြန်လည်ထူထောင်ရေးသာမက အီရတ်တို့၏ အချုပ်အခြာအာဏာ အမြန်ဆုံးလွှဲပေးရေးသို့ ဦးတည်သော ညီမျှသည့် နိုင်ငံရေးနည်းလမ်းတစ်ရပ် လမ်းညွှန်ပြုသင့်သည်။

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်

ညီလာခံ တက်ရောက်ကြသည့် ခေါင်းဆောင်များသည် မိမိတို့၏ ကမ္ဘာကြီးကို စစ်ပွဲနှင့် အကြမ်းဖက်မှု၊ ငတ်မွတ်ခေါင်းပါးမှုအပြင် ကပ်ရောဂါဘေးမှ ကယ်တင်ရန်၊ မျှော်လင့်ချက်ပျက်သုဉ်းပျက်စီးခြင်းကို ဖြစ်စေသော တရားမျှတမှုမရှိခြင်းနှင့် ဆင်းရဲခြင်းတို့ကို တရားသဖြင့် ဖြစ်စေရန်၊ နိုင်ငံများအားလုံးနှင့် လူသားများအားလုံးအတွက် ငြိမ်းချမ်းပြီး ကြီးပွားတိုးတက်သော ကမ္ဘာသစ်ကို စုပေါင်း တည်ဆောက်သွားရန် ကြီးလေးသော တာဝန်တစ်ရပ်ကို ထမ်းထားရသည်။

အီရတ်ပြန်တည်ဆောက်ရေး ငွေတောင်းသည့်ကိစ္စ ဝေဖန်မှုများ ဘုရှ်ဖြေရှင်းနေရ အဆိုပြုချက်သည် အမေရိကန်ပြည်သူနှင့် အီရတ်ရှိ အမေရိကန်တပ်များကိုစော်ကား အီရတ်ဆိုင်ရာမူဝါဒအပေါ် ဘုရှ်၏မိတ်ဖက်များက မေးခွန်းထုတ်နေ

နယူးယောက် စက်တင်ဘာ ၂၇

စစ်ပြီးအီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများရရှိရန် နယူးယောက်မြို့မှာ ပြီးခဲ့သောရက်များက ကြိုးပမ်းခဲ့သည့် အမေရိကန်သမ္မတဘုရှ်သည် ဝါရှင်တန်မြို့ကို ပြန်လည်ရောက်ရှိရာမှာလည်း အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ဒေါ်လာဘီလီယံ ၂၀ တောင်းခံထားသည့် ကိစ္စနှင့်ပတ်သက်ပြီး အောက်လွှတ်တော်တွင် ပြင်းထန်သည့် ဝေဖန်မှုများကို ရင်ဆိုင်ဖြေရှင်းနေရကြောင်း သိရှိရသည်။

သမ္မတဘုရှ် အစိုးရအဖွဲ့၏ မဟာမိတ်ရီပတ်ဘလီကန် ပါတီဝင်များကပင် အီရတ် ပြန်လည်တည်ဆောက်ရေးအတွက် သမ္မတဘုရှ် တောင်းခံထားသော ဒေါ်လာဘီလီယံ ၂၀ ကို ချေးငွေအနေဖြင့်သာ ချေးငှားသင့်ကြောင်း၊ အကူအညီပေးခြင်းမဖြစ်သင့်ကြောင်း ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ဘုရှ်၏ အဆိုပြုချက်သည် အီရတ်နိုင်ငံ၏ စာတိုက်နှင့် ကြေးနန်းစနစ်အတွက် ဒေါ်လာကိုးဘီလီယံ၊ တယ်လီဖုန်းလိုင်း ဆက်သွယ် ရေးစနစ်များအတွက် ဒေါ်လာလေးဘီလီယံနှင့် အမှိုက်သိမ်းထရပ်ကားအစီးလေးဆယ်ကို တစ်စီးလျှင်ဒေါ်လာငါးသောင်း တောင်းခံထားကြောင်း သိရှိရသည်။

အမေရိကန်လွှတ်တော်အမတ်တစ်ဦးဖြစ်သော အက်ဒွပ်ကနေဒီက အဆိုပြုချက်သည် အမေရိကန်ပြည်သူများကို စော်ကားရုံတင်မက အီရတ်နိုင်ငံတွင်အသက်ပေးနေရသောတပ်ဖွဲ့ဝင်များကိုပါ စော်ကားလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြန်လည်ထူထောင်ရေးအတွက် တောင်းခံထားသော ဒေါ်လာဘီလီယံ ၂၀ သည် သမ္မတဘုရှ် တောင်းခံထားသော ၈၇ ဘီလီယံထဲမှ တစ်စိတ်တစ်ပိုင်းသာရှိသေးကြောင်း သိရှိရသည်။ အမေရိကန်အစိုးရအနေဖြင့် ဒေါ်လာဘီလီယံ ၂၀ ကို အကူအညီရရှိမည့်အစား ချေးငှားယူရမည်ဖြစ်သည့်အတွက် စိုးရိမ်ပူပန်မှုများနှင့် ရင်ဆိုင်နေရသည်။

ယခု သီတင်းပတ်အတွင်း သမ္မတဘုရှ်အနေဖြင့် နိုင်ငံတကာအကူအညီ ရရှိရန် ညှိနှိုင်းလျက်ရှိရာ ပြေလည်မှုမရသေးခြင်းသည်လည်း နောက်ထပ် စိုးရိမ်စရာတစ်ခုဖြစ်နေသည်။ အချိန်ကာလကြာမြင့်စွာ ၎င်း၏ မိတ်ဖက်ဖြစ်ခဲ့သူများကလည်း သမ္မတဘုရှ်၏ အီရတ်နိုင်ငံဆိုင်ရာ မူဝါဒအပြင် ပြည်တွင်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ခက်ခဲသော မေးခွန်းများကို မေးမြန်းလျက်ရှိနေကြကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အမေရိကန်တပ်များ အီရတ်၌ ဆက်လက်တပ်စွဲထားမှုကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဂျာမနီနိုင်ငံ မြို့တော်ဘာလင်တွင် ဆန္ဒပြသူများနှင့်အတူ အမျိုးသမီးတစ်ဦးက ဆေးမှင်နီသုတ်ထားသော ၎င်း၏လက်တစ်ဖက်ကိုမြှောက်ကာ ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ထိပ်တန်းလက်နက်ရောင်းနိုင်ငံ အမေရိကန်ဖြစ်သည်

ဝါရှင်တန် စက်တင်ဘာ ၂၇

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာလက်နက်ဈေးကွက်တွင် ယင်း၏ လွှမ်းမိုးထားမှုကို လွန်ခဲ့သည့်နှစ်က ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာ သမားရိုးကျ လက်နက်ရောင်းချမှုတွင် ၄၅ ဒသမ ၅ ရာခိုင်နှုန်းအထိ ပါဝင်နိုင်ခဲ့ကြောင်း အမေရိကန်အောက်လွှတ်တော် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၀၂ခုနှစ်တွင် အမေရိကန်လက်နက်ရောင်းချမှုမှ ရငွေစုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၀၁ခုနှစ်က အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁ဘီလီယံရှိခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံဖိုးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ရောင်းချခဲ့ခြင်းဖြစ်ပြီး ယင်းလက်နက်များအနက် ၄၈ ဒသမ ၆ ရာခိုင်နှုန်းမှာ သမားရိုးကျ လက်နက်များဖြစ်ကြောင်းဖြင့်လည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသို့ လက်နက်များရောင်းချရာတွင် ရုရှားနိုင်ငံက ဒုတိယအများဆုံးဖြစ်ကြောင်း၊ ရုရှားနိုင်ငံမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံဖိုး ရောင်းချခဲ့ကြောင်း ပြင်သစ်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရောင်းချကာ တတိယလိုက်ကြောင်းဖြင့်လည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာ သတင်းများ

ကိုယ့်အကျိုးစီးပွားအတွက် အမေရိကန်ထင်ရာစိုင်းအနိုင်ကျင့်

နယူးယောက် စက်တင်ဘာ ၂၈

အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး စီအင်န်အင်န် သတင်းဌာန၏ အိုးပင်းဖိုရမ်အစီအစဉ်သို့ ပေးပို့သော ဂျာမနီနိုင်ငံမှ ရှုမြင်သုံးသပ်သူတစ်ဦးက အမေရိကန်သည် သူ့အကျိုးစီးပွားအတွက် ထင်ရာစိုင်းပြီး အခြားနိုင်ငံများအပေါ် အနိုင်ကျင့်နေခြင်းကို ရပ်တန့်က ရပ်သင့်ကြောင်း၊ ယခုလို အနိုင်ကျင့်မည့်အစား မိမိပြည်တွင်းမှ များပြားလှသော ပြဿနာများကို ဖြေရှင်းရန်အတွက်သာ အချိန်ယူအာရုံစိုက်သင့်ကြောင်း ရေးသားဖော်ပြထားသည်။ **(စီအင်န်အင်န်)**

ရမ်းစဖဲသည် အီရတ်စစ်ပွဲ ဖန်တီးခဲ့သူ ဗိသုကာချုပ်ကြီးဖြစ် ရာထူးမှ ထုတ်ပယ်ရမည်ဟု တပ်ဖွဲ့ဝင်နှစ်ဦး၏ ဖခင် ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၂၇

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲ နုတ်ထွက်ရမည်ဖြစ်ကြောင်း အီရတ်နိုင်ငံတွင် တိုက်ပွဲဝင်နေသော အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး၏ ဖခင်ဖြစ်သူ ဗာဂျီးနီးယားနယ်ရစ်ချ်မွန်မြို့သား လာရီဆိုင်ဗာဆွန်က ပြောကြားသည်။

နုတ်ထွက်ရမည်

ဝန်ကြီး ဒေါ်နယ်ရမ်းစဖဲသည် အမေရိကန်တပ်ဖွဲ့များနှင့် အမေရိကန်နိုင်ငံကို သစ္စာဖောက်သူဖြစ်သည်ဟု စွပ်စွဲကာ ယင်းကဲ့သို့ နုတ်ထွက်ရမည်ဟု ပြောကြားလိုက်ခြင်းဖြစ်သည်။

မိမိသည် စစ်တပ်ထဲတွင် သားသုံးယောက် သွင်းပေးထားသည့် မျိုးချစ်အမေရိကန်တစ်ဦးဖြစ်ကြောင်း၊ သားနှစ်ယောက်မှာ အီရတ်စစ်ပွဲတွင် တာဝန်ထမ်းဆောင်နေဆဲဖြစ်ကြောင်း၊ ယင်းသားသုံးဦးတပ်ထဲတွင် တာဝန်ထမ်းဆောင်နေသည်ကို မိမိဂုဏ်ယူကြောင်း၊ အရှုပ်တော်ပုံကြီးဟုသာ ခေါ်ဆိုနိုင်သည့် စစ်ပွဲကြီးအတွင်း မိမိတို့အား သွတ်သွင်းခဲ့သူကို မိမိဒေါသထွက်ကြောင်းဖြင့်လည်း နယူးယောက်တိုင်းမ် သတင်းစာတွင် မျက်နှာပြည့်ကြော်ငြာကာ ၎င်းက ပြောကြားခဲ့သည်။

ဖန်တီးခဲ့

ရမ်းစဖဲသည် အီရတ်စစ်ပွဲကို ဖန်တီးခဲ့သည့် ဗိသုကာချုပ်ကြီးဖြစ်ကြောင်း၊ မိမိတို့တပ်များကို စစ်လက်နက်ကိရိယာ အပြည့်အစုံမတပ်ဆင်ဘဲ တစ်နေ့တခြား တိုက်ခိုက်မှုအန္တရာယ် များလှသည့် ပတ်ဝန်းကျင်၌ အစီအမံညံ့ဖျင်းစွာဖြင့် လုံခြုံမှုမရှိအောင် ဖန်တီးခဲ့ကြောင်းဖြင့်လည်း ကြော်ငြာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

You lied, they°°died,' US parents tell Bush

ဘုရှ်၏လိမ်ညာမှုကြောင့်အသက်များစွာဆုံးရှုံးခဲ့ရ ဖခင်တစ်ဦးက သတင်းစာရှင်းလင်းပွဲ၌ ရင်ဖွင့်

ဝါရှင်တန် စက်တင်ဘာ ၂၈

အီရတ်နိုင်ငံတွင် သေဆုံးခဲ့ရသည့် စစ်သည်တစ်ဦး၏ဖခင်က သူ့သားသေဆုံးခဲ့ခြင်းနှင့်ပတ်သက်၍ သမ္မတဂျော့ဒဗလျူဘုရှ်တွင် တာဝန်ရှိကြောင်း ယမန်နေ့က စွပ်စွဲပြောကြားလိုက်သည်။ ဘုရှ် လိမ်ညာမှုကြောင့် မိမိ၏သား သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဖာနန်ဒိုဆွာရက်ဇ်က ပြောကြားသည်။ ဆွာရက်ဇ်၏ အသက် ၂၀အရွယ်ရှိ သား ဂျီးဆက်သည် ကံကြမ္မာကို ထိပ်တန်းက ယုံကြည်သူဖြစ်သည်။

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် စစ်သည်များ၏ မိဘ ၁၃၀၀ ခန့်တို့သည် အီရတ်ကို အမေရိကန်တို့ သိမ်းပိုက်ထားခြင်းနှင့်ပတ်သက်၍ ဆန့်ကျင်လှုပ်ရှားမှုတစ်ခုတွင် ပါဝင်ပတ်သက်ခဲ့သူများဖြစ်ကြောင်း၊ အီရတ်နိုင်ငံရှိ အဆိုပါစစ်သည်များသည် အိမ်ပြန်လာချိန်တန်ပြီဖြစ်ကြောင်းဖြင့်လည်း မစ္စတာဆွာရက်ဇ်က ပြောသည်။ မိမိဇနီးသည်အနေဖြင့်လည်းကောင်း၊ မိမိ မိသားစုအနေဖြင့်လည်းကောင်း ဤမတရားသောစစ်ပွဲတွင် သားသမီးများ ထပ်မံ သေဆုံးရမည်ကို မလိုလားကြောင်း၊ မိမိတို့သည် ငြိမ်းချမ်းရေးအတွက် တစ်ပြားသားမျှမလျှော့သော မျိုးချစ်များဖြစ်ကြကြောင်း၊ ဘုရှ်သည် အီရတ်စစ်ပွဲအတွက် အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံလိုလားနေကြောင်း၊ ထိုငွေကြေးပမာဏကို မိမိတို့ စာသင်ကျောင်းများအတွက် အသုံးပြုရမည်သာဖြစ်ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။

မစ္စတာဆွာရက်ဇ်သည် ကာလီဖိုးနီးယားပြည်နယ် အက်စ်ကွန်ဒီဒိုမြို့မှဖြစ်ပြီး အမေရိကန်မြို့ကြီးရှစ်မြို့၌ စက်တင်ဘာ ၂၉ရက်တွင်ပြုလုပ်မည့် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် အသိပေးရန် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသွားခြင်းဖြစ်သည်။ စစ်ပွဲဆန့်ကျင်ဆန္ဒပြမှု တစ်နေ့တခြား တိုးပွားလာသည့် အခြား လက္ခဏာတစ်ခုမှာ အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့် စစ်သားနှစ်ဦး၏ ဖခင်ဖြစ်သူက အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်အား ဖြုတ်ချရန်တောင်းဆိုသည့် ကြော်ငြာတစ်ခုကို ယမန်နေ့က ထုတ်ဝေသည့် နယူးယောက်တိုင်းမ်သတင်းစာတွင် မျက်နှာပြည့်ဖော်ပြထားသည်။ အဆိုပါကြော်ငြာသည် အစုအပြုံလိုက် သေကျေဆုံးရှုံးသေစေနိုင်သည့် လက်နက်များနှင့်ပတ်သက်၍ သမ္မတဘုရှ်နှင့် သူ၏အစိုးရက ပြည်သူများကိုလိမ်ညာခဲ့သည်ဟုလည်း စွပ်စွဲဖော်ပြထားသည်။ **(အင်တာနက်)**

စက်တင်ဘာ ၂၈ ရက်က အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ အမေရိကန်ဦးဆောင်ဆင်နွှဲသည့် အီရတ်စစ်ပွဲကို အမေရိကန်ပြည်သူများက ဆန့်ကျင်ကန့်ကွက်ကြရာ ဆန္ဒပြသူတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးသည် အကောင်းဆုံးဖိုရမ်အဖြစ် ရှိမြဲရှိဟု နိုင်ငံငယ်များပြောဆို

ကုလသမဂ္ဂ စက်တင်ဘာ ၂၇

အီရတ်စစ်ပွဲကြောင့် အီရတ်နှင့်ပတ်သက်သော ကုလသမဂ္ဂ၏ သက်ဆိုင်မှုများ ခြိမ်းခြောက်ခံနေရသော်လည်း ကုလသမဂ္ဂအဖွဲ့ကြီးသည် ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဖိုရမ်အဖြစ် ရှိမြဲရှိကြောင်း နိုင်ငံငယ်လေးများက သောကြာနေ့တွင် ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် မိမိတို့ ဘုံရင်ဆိုင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဒီမိုကရေစီကျစွာ မိမိတို့ တုံ့ပြန်နိုင်သည့် ဖိုရမ်အဖြစ် ရှိမြဲရှိကြောင်း သီရိလင်္ကာဝန်ကြီးချုပ် ရာနီလ်ဝီကရီမီဆင်ဂီက ပြောဆိုသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံတွင်အချို့နိုင်ငံများက အီရတ်တွင် လုံခြုံရေးပျက်ပြားမှုအတွက် တစ်ဖက်သတ်နိုင်သောဝါဒ ကျင့်သုံးနေမှုကို ပြစ်တင်ပြောဆိုခဲ့ကြသည်။

ချမ်းသာသောနိုင်ငံများသည် ပိုချမ်းသာလာပြီးဆင်းရဲသောနိုင်ငံများက ပိုဆင်းရဲလာကြောင်းနှင့် မညီညွတ်ခြင်းကြောင့် နိုင်ငံရေး၊ လူမျိုးရေးနှင့် ဘာသာရေးအက်ကြောင်းများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ဘော့ဆွာနာနိုင်ငံက ပြောဆိုသည်။

ထို့ပြင် စစ်ဖြစ်ပွားနေသော အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့စေလွှတ်ရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည့် တိုးတက်မှုကို ကြိုဆိုကြောင်း ဘော့ဆွာနာနိုင်ငံခြားရေးဝန်ကြီး အမ်အက်စ်မာရက်ဖီက ပြောကြားသည်။

(အင်တာနက်)

အမေရိကန်အဆိုပြုသည့် အီရတ်ဆိုင်ရာဆုံးဖြတ်ချက်အတွက် ဘုံချဉ်းကပ်မှု အိန္ဒိယ၊ ရုရှားနှင့်တရုတ်နိုင်ငံတို့ ချမှတ်ဆောင်ရွက်သွားရန်သဘောတူ

နယူးယောက် စက်တင်ဘာ ၂၇

အိန္ဒိယ၊ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် အမေရိကန်ပြည်ထောင်စုက ကမကထပြုထားသော အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်သစ်နှင့်ပတ်သက်၍ ဘုံချဉ်းကပ်မှုတစ်ရပ် ချမှတ်ဆောင်ရွက်သွားရန်သဘောတူခဲ့ကြသည့်ပြင် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍လည်း ဘုံချဉ်းကပ်ဆောင်ရွက်မှုတစ်ရပ်ကို သဘောတူခဲ့ကြသည်။

ထို့ပြင် အိန္ဒိယ၊ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ၎င်းတို့အတွင်းသုံးနိုင်ငံပူးပေါင်းဆောင်ရွက်ရေးဒေသများကို ဖော်ထုတ်နိုင်မည့်ကျွမ်းကျင်အုပ်စုတစ်စုကို ထူထောင်သွားရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ မိမိတို့သည် အီရတ်အပါအဝင် ကိစ္စရပ်အမျိုးမျိုးကို အလွန်ကောင်းမွန်သော ဆွေးနွေးမှုများပြုလုပ်ရရှိခဲ့သည်ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီး ယက်ရှ်ဝမ့်ဆင်ဟာက ရုရှားနိုင်ငံခြားရေးဝန်ကြီး အီဂေါ်အီဗာနော့၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးလီကျားရှွန်တို့နှင့် နယူးယောက်တွင် ဗုဒ္ဓဟူးနေ့က ဆွေးနွေးအပြီး၌ ပြောဆိုသည်။

၎င်းက အီရတ်နိုင်ငံတွင်ရှိနေသော ပြဿနာသည် နိုင်ငံခြားတပ်များ နောက်ထပ်လိုသည့် ပြဿနာမဟုတ်သော်လည်း နိုင်ငံရေးဖြေရှင်းချက်တစ်ရပ် လိုအပ်သည်ဟု အီရတ်နိုင်ငံနှင့် ပတ်သက်၍ ပြောဆိုကြသည်။ အီရတ်ပြည်သူများကို အချုပ်အခြာအာဏာနှင့် အစိုးရအဖွဲ့ပြန်ပေးရေးလှုပ်ရှားမှုရှိရမည်ဟုလည်း အိန္ဒိယပြည်ပရေးရာဝန်ကြီးက ပြောဆိုသည်။

ယင်းသည် အီရတ်ဆိုင်ရာဆုံးဖြတ်ချက်သစ်နှင့် ပတ်သက်၍ မိမိတို့စုပေါင်းလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည့် ချဉ်းကပ်မှုဖြစ်မည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

(အမ်အင်အေ၊ပီတီအိုင်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

စက်တင်ဘာ ၂၈ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် အီရတ်စစ်ပွဲ ဆန့်ကျင် ဆန္ဒပြသူတစ်ဦးက အမေရိကန် သမ္မတ ဂျော့ဒဗလျူဘုရှ်အမည်ပါ စာတန်းကိုကိုင်၍ ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ငြိမ်းချမ်းရေး ကုလအခန်းကဏ္ဍ ပိုမိုလိုအပ် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောပြောကြား

ကူဝိတ်စီတီး စက်တင်ဘာ ၂၇

အီရတ်နိုင်ငံသည် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးစနစ် ယန္တရားတွင် ပုံစံကျမဟုတ်ဘဲ တိုက်ခိုက်ရေးသမားများ ကျက်စားရာနေရာဖြစ်နေသောကြောင့် အီရတ်ငြိမ်းချမ်းမှုထိန်းသိမ်းရေးအတွက် ကုလသမဂ္ဂက ပိုမိုကြီးမားကျယ်ပြန့်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံက တိုက်တွန်းပြောကြားသည်ဟု သောကြာနေ့ထုတ် ကူဝိတ်သတင်းစာ အယ်ရိုင်အယ်အမ်တွင် ဖော်ပြထားသည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက အဆိုပါကူဝိတ် သတင်းစာနှင့် တွေ့ဆုံရာတွင် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များသည် အီရတ်နိုင်ငံတွင် လိုအပ်သည်ထက် နောက်ထပ် ပို၍နေမည်မဟုတ်ကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံ၌ အီရတ်ပြည်သူတို့အား အာဏာကို စနစ်တကျလွှဲပြောင်းမပေးနိုင်သေးမီတွင်လည်းကောင်း၊ စစ်ဒဏ်ခံနေရသည့် အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရချိန်အထိ လည်းကောင်း မိမိတို့သည် အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်သွားမည်ဖြစ်ကြောင်းဖြင့်လည်း ဂျက်စထရောက ပြောကြားသွားသည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်နေသူများသည် ယခင်အစိုးရလက်ကျန်များဖြစ်ကြောင်း၊ အချို့တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံအပြင်ဘက်မှ လာရောက်ဝန်းရံကြသူများဖြစ်ကြောင်းဖြင့်လည်း ဂျက်စထရောက ၎င်းဘက်မှ အမြင်ကို ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ကုလထောက်ခံ အတည်ပြုချက် မပါဘဲ အီရတ်ကို အမေရိကန်တိုက်မှု ပူတင်ရှုတ်ချ

ကုလသမဂ္ဂ စက်တင်ဘာ ၂၆

အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂ၏ ထောက်ခံချက်မပါဘဲ အီရတ်ကိုတိုက်ခိုက်ခဲ့ခြင်းအတွက် ရုရှားသမ္မတဗလာဒီမာပူတင်သည် အမေရိကန်ပြည်ထောင်စုကို ကြာသပတေးနေ့ကပြစ်တင်ရှုတ်ချလိုက်သည်။

တစ်ဖန် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး၌ ကုလသမဂ္ဂက တိုက်ရိုက်ပါဝင်ဆောင်ရွက်သွားရန်လည်း ရုရှားသမ္မတက တောင်းဆိုလိုက်သည်။

စစ်ပြီးကာလအီရတ်တွင် မလုံခြုံမှု၊ မတည်မငြိမ်ဖြစ်မှုတို့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းသည် ထွေးလုံးရစ်ပတ်နေချိန်တွင် ရုရှား၊ ပြင်သစ်၊ ဂျာမနီနှင့် အခြားသော အမေရိကန်ဦးဆောင်သောစစ်ပွဲကို ဆန့်ကျင်ကြသည့် အတိုက်အခံများက အီရတ်ကိုအာဏာ လွှဲပြောင်းပေးရေးအတွက်အချိန်ဇယားကို ဖိအားပေး ပြောဆိုကြသည်။ ထို့ပြင်နိုင်ငံရေးအကူးအပြောင်းကို စောင့်ကြည့်ရာတွင် ကုလသမဂ္ဂကို ပိုမိုကြီးမားသောအခန်းကဏ္ဍပေးရန်လည်း ဖိအားပေး ပြောဆိုလျက် ရှိကြသည်။ အထွေထွေညီလာခံ၏ တတိယနေ့တွင် ပူတင်က မိန့်ခွန်းပြောကြားရာတွင် ထိုအချိန်ဇယားကိစ္စကို ဖော်ညွှန်းပြောဆိုခဲ့ခြင်း မရှိဘဲ အီရတ်အပါအဝင် ကမ္ဘာကြီး ယနေ့ကြုံတွေ့နေရသော ပြဿနာများအပေါ် ကုလသမဂ္ဂအရေးယူဆောင်ရွက်ရေးကို တောင်းဆိုခဲ့သည်။

အီရတ်ကိစ္စကို မည်သို့ဖြေရှင်းမည်ကို သဘောကွဲလွဲမှုများ အထင်အရှားရှိလင့်ကစား အခြေအနေသည် ကုလသမဂ္ဂ၏ တရားဝင်နယ်ပယ်ထဲသို့ ပြန်ရောက်လာနေသည်ဟု ပူတင်က ပြောဆိုသည်။

ရုရှား၏သဘောထားမှာ အစဉ်တစိုက် ရှင်းရှင်းလင်းလင်းဖြစ်ကြောင်း၊ အီရတ်ပြန်လည်တည်ဆောက်ရေး၌ ကုလသမဂ္ဂတိုက်ရိုက်ပါဝင်ပတ်သက်မှုသည်သာ အီရတ်ပြည်သူတို့အနေဖြင့် သူတို့၏ အနာဂတ်ကို ဆုံးဖြတ်နိုင်စွမ်းရှိစေမည်ဟု ပူတင်က ပြောဆိုသည်။ (အင်တာနက်)

လူထုဆက်သွယ်ရေးကို အနောက်အုပ်စုလက်ဝါးကြီးအုပ်မှု ညီညီညွတ်ညွတ်ချေဖျက်သွားရန် အာရှစီးပွားရေးလုပ်ငန်းကြီးများကို တိုက်တွန်း

ဘေဂျင်း စက်တင်ဘာ ၂၆

အာရှစီးပွားရေးလုပ်ငန်းကြီးများသည် အနောက်အုပ်စု စီးပွားရေးအဖွဲ့အစည်းများက လူထုဆက်သွယ်ရေး လက်ဝါးကြီးအုပ်ထားခြင်းကို ချေဖျက်ရန် ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်သင့်သည်ဟု တရုတ်လူထုဆက်သွယ်ရေး အကြီးအကဲက ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

ကျင်းပနေသော တရုတ်၊ ဂျပန်၊ ကိုရီးယား လူထုဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ညီလာခံ၌ ဆင်ဟွာ သတင်းဌာန ဒုတိယဥက္ကဋ္ဌ မာရှင်ရွှန်က ထိုသို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ အင်အားအကြီးမားဆုံး နိုင်ငံများတွင်ရှိသော လူထုဆက်သွယ်ရေး အုပ်စုများသည် ၎င်းတို့၏ ဈေးကွက်များကို အစဉ်တိုးချဲ့ပြီး ဒေသဆိုင်ရာ လူထုဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်သူများကို ဖယ်ရှားပစ်ခဲ့သည်ဟု မာရှင်ရွှန်က ပြောဆိုသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘင်းမ်စတက်ဒေသဆိုင်ရာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကျွမ်းကျင်သူများစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ဖြင့်ဖွဲ့စည်းထားသော ဘင်းမ်စတက် ဒေသဆိုင်ရာစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကျွမ်းကျင်သူများ၊ နိုင်ငံကိုယ်စားလှယ်များ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ရှိုင်ရယ်ဟိုတယ်၌ကျင်းပသည်။(အပေါ်ပုံ)

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အစည်းအဝေးတွင်ပါဝင်ဆွေးနွေးကြမည့် စွမ်းအင်ကဏ္ဍကျွမ်းကျင်သူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရန်ကုန်မြို့ရှိ အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် ဘင်းမ်စတက်ဒေသအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးကိုဆက်လက်ကျင်းပရာ အစည်းအဝေး သဘာပတိအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ဆောင်ရွက်ပြီး ဘင်းမ်စတက်ဒေသတွင်း သဘာဝဓာတ် ငွေ့ပိုက်လိုင်းတည်ဆောက်ရေး စီမံကိန်းအခြေအနေများကို ထိုင်းနိုင်ငံကိုယ်စားလှယ်ကလည်းကောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးမှု စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများကို အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်ကလည်းကောင်း၊ ဆက်လက်အကောင်အထည်ဖော်မည့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ရေ့လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံကိုယ်စားလှယ်များကလည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရပ်သိမ်းပြီး အစည်းအဝေးကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)



သာလွန်စာအုပ်တိုက် ဖုန်း- ၂၄၂၄၃၁၈၊ ၂၄၂၀၃၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ အမှတ် ၃၆၉၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေသော ကျောင်းသူ ကျောင်းသားများနှင့် အလွတ်ပညာသင်ပုဂ္ဂိုလ်များ လက်စွဲထားရမည့် သာလွန် အင်္ဂလိပ် - အင်္ဂလိပ် - မြန်မာ အဘိဓာန်စာအုပ်မျက်နှာဖုံး။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀

မြို့နယ်အခွန်ဦးစီးဌာနမှူးလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်းတက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းဆိုင်ရာသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်တွင်း အခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့်လုပ်ငန်းဌာန များမှ ညွှန်ကြားရေးမှူးချုပ် များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ သင်တန်းသားသင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးကအမှာစကားပြောကြားပြီး သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ မြို့နယ်အခွန်မှူး သင်တန်းသား သင်တန်းသူ ၂၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၉ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ **(သတင်းစဉ်)**

သုံးထပ်စာချကျောင်းဆောင်ရေစက်ချပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်အတွင်း၌ အများစုပေါင်း၍ဆောက်လုပ်လှူဒါန်းခဲ့သော အဘိဓဇမဟူ သုံးထပ်စာချကျောင်းတော်ကြီး ရေစက်ချပွဲနှင့် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိကမဟာထေရ်အား သိက္ခာထပ်လှူပူဇော်ပွဲတို့ကို ဆရာတော်ကြီး၏ သက်တော်(၈၉)နှစ်ပြည့် မွေးနေ့ဖြစ်သည့် ၁၃၆၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက် (စက်တင်ဘာ ၆ ရက်) တနင်္လာနေ့ နံနက် ၉နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ နယ်အသီးသီးမှ ကျောင်းဒါယကာ ဒါယိကာမများ ကိုယ်တိုင်တက်ရောက် ရေစက်ချလှူဒါန်းနိုင်ရန် ဖိတ်ကြားထားကြောင်းသိရသည်။

(က-ပ)

သတိ

၁။ ဖြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုးဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ဖြောက်အိုးဖောက်လျှင် ထောင်ဒဏ် ၃ နှစ်

(ခ) ဖြောက်အိုးရောင်းလျှင်၊ ဖြောက်အိုးထုတ်လုပ်လျှင် ထောင်ဒဏ် ၅ နှစ်

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပဲခူးယ်ကုန်းမြို့ အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ပဲခူးယ်ကုန်းမြို့အထကတွင် စာပေသင်ကြားပို့ချခဲ့သော ဆရာကြီး ဆရာမကြီးများအား (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၃၆၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်(အောက်တိုဘာ ၁၁ ရက်)စနေနေ့တွင် မြို့မသာသနာ့ဗိမာန်တော်ကြီး (ယခင်အထကကျောင်းဟောင်းနေရာ)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများသည် ဒုတိယဗိုလ်မှူးကြီး ချစ်ဆွေ(မြဝတီရပ်/သံ)မှော်ဘီမြို့၊ ဗိုလ်ကြီးမြင့်ထွေး-ဒေါ်မိုးစန္ဒာမြင့် ရန်ကုန် ဖုန်း-၂၄၅၈၂၂၊ ဒေါ်ခင်စန်းရီ ရန်ကုန် မင်္ဂလာဈေး ဖုန်း-၂၂၃၉၀၄၊ ဒေါက်တာသိန်းထွန်း ပဲခူးယ်ကုန်း ဖုန်း-၃၅၊ ဒေါက်တာညွန့်တင် ပဲခူးယ်ကုန်း ဖုန်း-၂၈နှင့် ဦးငွေဝင်း ပဲခူးယ်ကုန်း ဖုန်း-၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အခရိပ်ရပင်စိုက်ပျိုး

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးမျိုးမင်းညွှန့်တို့ဦးဆောင်၍ ဝန်ထမ်းများက မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းမကြီး ဝဲယာတွင် ပန်းအလှပင်နှင့် အရိပ်ရပင် ၆၀၀ ကို စက်တင်ဘာ ၂၅ ရက်တွင် စိုက်ပျိုးကြစဉ်။ **(က-ပ)**

မြန်မာ့ရိုးရာတူရိယာနှင့် ကမ္ဘာသုံးသင်္ကေတသင်တန်း

ရန်ကုန် စက်တင်ဘာ ၂၉

စောင်း၊ ပတ္တလား၊ မယ်ဒလင်၊ ဘင်ချို၊ ဂီတာ၊ ဒုံမင်း၊ တယော၊ နှဲ၊ ပလွေ၊ ဆိုင်းတို့ကို ကမ္ဘာ့သင်္ကေတ၊ အရှေ့တိုင်းသင်္ကေတတို့ဖြင့် မြန်မာ့ဂီတ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်စေရန် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စိတ်ပါဝင်စားသူ တေးရေး၊ တေးဆို၊ အတီး၊ အမှုတ်ပညာရှင်များ၊ ဝါသနာရှင်များသည် ဂီတဥယျာဉ် ဦးတင်အေး (ထားဝယ်) အမှတ် ၁၄၉၊ ၃၁ လမ်း၊ ရန်ကုန်မြို့ထံ ဆက်သွယ်စုံစမ်း သင်ကြားနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်ဆေးဝါးအန္တရာယ် ဆင့်ပွားအသိပညာပေးရေးနှင့် ထိန်းချုပ်ဆေးဝါးများဆိုင်ရာ အမိန့်အမှတ် (၁/၂၀၀၃) ရှင်းလင်းရေးသင်တန်းဖွင့်ပွဲကို သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ စက်တင်ဘာ ၂၉ ရက်နံနက်ပိုင်းကပြုလုပ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့် အဖွင့်အမှာစကားပြောကြားစဉ်။ **(ခရိုင်ပြန်/ဆက်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

■ *နိုင်ငံတော်မှ*

ဗိုလ်ချုပ် မောင်မောင်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ ထွက်ခွာခဲ့ကြပြီး မိုးကောင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ မိုးစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများနှင့် မိုးကောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိုးညှင်း အစိုးရ စက်မှုလက်မှုသိပ္ပံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှေးဦးစွာ ရှင်းလင်းဆောင်ရွက်၌ Ever Green ကုမ္ပဏီလီမိတက်မှ တာဝန်ခံအင်ဂျင်နီယာ ဦးတေဇဝင်းက မိုးညှင်း အစိုးရ စက်မှုလက်မှုသိပ္ပံတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုးညှင်းအစိုးရစက်မှုလက်မှုသိပ္ပံ တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မိုးညှင်း အစိုးရ စက်မှုလက်မှုသိပ္ပံ တည်ဆောက်ရေးလုပ်ငန်းသည် ယခုအခါ ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ပညာရေးဝန်ကြီးဌာန မိုးညှင်းဒီဂရီကောလိပ်ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာ ဦးတေဇဝင်းက မိုးညှင်းဒီဂရီ



မိုးညှင်း ဒီဂရီကောလိပ် တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား လမ်းမကြီးပေါ်ရှိ ဆင်ခမ်းတံတား တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





မိုးညှင်း အစိုးရ စက်မှုလက်မှုသိပ္ပံတည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့တွင် ၂၀၀၃ခုနှစ်ဇွန်လကဟိုပင်တံတားကိုဖွင့်လှစ်ပေးခဲ့သည်။ ဟိုပင်တံတားသည် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်မှာ ပေ ၂၀၀ ရှိသည်။ ရွှေဘို-မြစ်ကြီးနား လမ်းပေါ်တွင် ပထမဆုံး တည်ဆောက်ခဲ့သော တံတားဖြစ်သည်။ ကချင်ပြည်နယ်နှင့် မြန်မာပြည် အလယ်ပိုင်းဒေသတို့ကို လွယ်ကူချောမွေ့စွာ သွားလာဆက်သွယ်သည့် လမ်းခရီးတွင် အရေးပါသော တံတားတစ်စင်းဖြစ်သည်။

ရွှေသိမ်တော် စေတီတော်မြတ်ကြီးအား ဆီမီးပန်းနံ့သာကပ်လှူမည်

မန္တလေး စက်တင်ဘာ ၂၈

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့ သိမ်တော်ကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော ရွှေသိမ်တော် စေတီတော်မြတ်ကြီးအား ဒုတိယအကြိမ်မြောက် ဆီမီး ကိုးထောင်၊ ပန်းကိုးထောင်၊ နံ့သာကိုးထောင် ကပ်လှူပူဇော်ပွဲကို ၁၃၆၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ညတွင် ကျင်းပပူဇော်မည်ဖြစ်ရာ ဖုန်း–၀၁–၇၀၅၄၈၄၊ ၀၆၂–၇၁၀၇၄(၁၇)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကောလိပ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပုံစံကားချပ်ဖြင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုးညှင်းဒီဂရီကောလိပ် တည်ဆောက်ရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မိုးညှင်းဒီဂရီကောလိပ် တည်ဆောက်ရေးလုပ်ငန်းသည် ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ တွေ့ဆုံရာ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မင်းသိန်းနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိမိတို့ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများက စည်းစည်းလုံးလုံး တက်တက်ကြွကြွဖြင့် ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မိုးညှင်းမြို့နယ်တွင် ယခုနှစ်၌ မိုးစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးမှုသည် ရာခိုင်နှုန်းပြည့် စိုက်ပျိုးထားပြီးဖြစ်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် မိုးညှင်းမြို့မှ ဆက်လက် ထွက်ခွာလာပြီး ဟိုပင်မြို့ ဖွံ့ဖြိုးစည်ပင်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆင်ဘိုမြို့၌ တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ဆင်ဘိုမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်၊ ဆင်ဘိုမြို့မှဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများက ဆင်ဘိုမြို့ ဖွံ့ဖြိုးစည်ပင်တိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ယခုထက် ပိုမို၍ ဒေသဖွံ့ဖြိုးရန် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆင်ဘိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းပေးအပ်ရာ တာဝန်ခံဆရာဝန် ဒေါက်တာတင်သက်ဝေဖုန်းက လက်ခံသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေါ့ဖုန်းယန်ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်း ပေးအပ်ရာ တာဝန်ခံဆရာဝန် ဒေါက်တာအောင်နိုင်ဝင်းက လက်ခံယူသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းလှက ကျောင်း၏လိုအပ်ချက်များကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်း သင်ထောက်ကူပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဗန်းမော်မြို့မှ ဆက်လက်ထွက်ခွာခဲ့ပြီး မန္တလေး–တကောင်း–ဗန်းမော်–မြစ်ကြီးနား လမ်းမကြီးပေါ်ရှိ ဆင်ခမ်းတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ချိန်တွင် ပြီးစီးရေး၊ စံချိန်၊ စံညွှန်းပြည့်မီရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါဆင်ခမ်းတံတားသည်အရှည်ပေ၄၆ဝရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်၂၈ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြန်မာ့လေကြောင်းဖြင့် မန္တလေးမြို့မှ ထွက်ခွာလာရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

အုတ်ဖိုမြသိန်းတန်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၉

ရွှေပြည်သာမြို့နယ် အုတ်ဖို မြသိန်းတန်ဓမ္မရိပ်သာ (၃၆)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက် တရားစခန်းကို အောက်တိုဘာ ၃ရက် နံနက် ၈ နာရီတွင် ဖွင့်လှစ်၍ လယ်တီအနာဂါမ် ဆရာသက်ကြီး ဝိပဿနာ အဖွဲ့ချုပ်နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း၏ တပည့်ဆရာ ဦးသန်းထွန်း(ကျိုက်လတ်) ဦးစီး၍ ဆရာတော်၊ ဆရာ ဆရာမတို့ကအနီးကပ်ပို့ချမည်ဖြစ်ရာ မည်သူမဆို တရားကျင့်နိုင်၍ လှူဒါန်းနိုင်ပြီး စခန်းဝင်သူများအား ဖွင့်မည့်နေ့ နံနက် ၇နာရီတွင် မင်္ဂလာဇေယျာအသင်းချုပ်မှရွှေပြည်သာတရားစခန်းသို့ကားဖြင့်အခမဲ့ ပို့ဆောင်ပေးမည်ဟုသိရသည်။ **(က–ပ)**

ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများကော်မတီကကြီးမှူး၍ အငြိမ်းစားရန်ကုန်တက္ကသိုလ်အားကစားအရာရှိနှင့် မန္တလေးဆောင် အငြိမ်းစားအဆောင်မှူးဆရာဦးညိမ်း၏ (၈၆)နှစ်မြောက် မွေးနေ့ပွဲနှင့် မန္တလေးဆောင် အငြိမ်းစား အဆောင်မှူးများဖြစ်ကြသော ဒေါက်တာခင်မောင်ဝင်း ပညာရေးဝန်ကြီး(ငြိမ်း)၊ ဒေါက်တာ သိန်းအောင် ပါမောက္ခ (ဓာတုဗေဒ)(ငြိမ်း)တို့အား ကန်တော့ပွဲနှင့် ရန်ကုန်တက္ကသိုလ်မျိုးဆက်သစ် ဘူမိဗေဒပါရဂူဘွဲ့ သင်တန်းသားများအား ပညာဒါန အလှူငွေချီးမြှင့်ပွဲကို အောက်တိုဘာ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၂၁၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌဦးတင်အုန်း ဖုန်း–၅၅၅၆၁၈၊ အမှုဆောင် ဦးဖေသန်း ဖုန်း–၂၇၄၈၀၃၊ အမှုဆောင် ဦးခင်ဆွေ(ရွှေစွန်ညို) ဖုန်း–၂၄၀၄၉၈၊ အမှုဆောင် ဦးစောကြိုင် ဖုန်း–၅၈၀၇၃၂၊ တွဲဖက်အတွင်းရေးမှူး ဦးတင့်ဆွေ ဖုန်း–၂၉၁၂၆၃ တို့ထံ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှလေ့လာရေးအဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မြန်မာနိုင်ငံ တွင် လေ့လာရေးခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ Suprintendent Lt. Gen, Kasemsak Plooksawat နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ရွှေတိဂုံ ဘုရားလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံသည်။

(အပေါ်ပုံ)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အတူ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ လေ့လာရေးအဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Kasam Nak pum နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

FIATA ၏ ၂၀၀၃ ကမ္ဘာ့ညီလာခံသို့ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၉

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ကျင်းပမည်ဖြစ်သော နိုင်ငံတကာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း အဖွဲ့ချုပ် (FIATA)၏ ၂၀၀၃ ကမ္ဘာ့ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌ ဦးအောင်ကျော်မင်းသည် စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

● အရည်အသွေးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ ဝင်များသည် စခန်းသစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျေးရွာပညာရေးအတွက် ငွေကျပ် ၁၅ သိန်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက်ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၀ တို့ကိုလည်းကောင်း၊ ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကုသရေး)ဒေါက်တာတင်ဝင်းမောင်က ကျေးရွာကျန်းမာရေးအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည်သုသာန်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပြီး ဆရာတော် ဘဒ္ဒန္တကုမာလနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ကန်မော်ကျေးရွာသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး၊ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကန်မော်ကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများအား တွေ့ဆုံကြသည်။

ထို့နောက် တိုင်းမှူးက ကျေးရွာပညာရေးအတွက် ငွေကျပ် ၁၅ သိန်းနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင်၂၀၊ ကျန်းမာရေးအတွက် ငွေကျပ် ၁၀ သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ဒိုမယ်ကျွန်းရှိ Myanmar Tasaki Co.Ltd. ပုလဲမွေးမြူထုတ်လုပ်ရေးသို့ ရောက်ရှိကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အရည်အသွေးကောင်းမွန်သော မြန်မာ့ပုလဲများကို ကမ္ဘာက သိအောင်ထုတ်လုပ်သွားနိုင်ရေး၊ ယခုကဲ့သို့ ပုလဲမွေးမြူ ထုတ်လုပ်ရေးလုပ်ငန်းဖြစ်ထွန်းအောင်မြင်နေသည်ကို သိရှိရ၍ နိုင်ငံတော် စီးပွားရေးကဏ္ဍ၌ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပိုမိုကြိုးစားဆောင်ရွက်သွားစေလိုကြောင်း၊ လုပ်ငန်းဆိုင်ရာ လိုအပ်မှုများကိုလည်း သက်ဆိုင်ရာ ဒေသတာဝန်ရှိပုဂ္ဂိုလ်များထံ တင်ပြဆွေးနွေး ပံ့ပိုးမှုများ ရယူနိုင်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး၊ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပုလဲထုတ်လုပ်ရေး အလုပ်ရုံ၌ စမ်းသပ်ဖော်ပြီး ပုလဲများ၊ ဝန်ထမ်းများက မှတ်ကောင်ဝတ်ဆံသွင်းခြင်းနှင့် ဝတ်ဆံများ မြုံ၊ မမြုံ ဆောင်ရွက်နေကြသည်ကို ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

Myanmar Tasaki Co.Ltd. သည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ့ပုလဲများကို မွေးမြူထုတ်လုပ်နေသော ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံမြိတ်ကျွန်းစုများအတွင်းရှိ ဒိုမယ်ကျွန်းဧရိယာနှင့် လင်န်းကျွန်းရေပြင်တို့၌ မှတ်ကောင်များကို ရေချမွေးမြူထားရှိသည်။

ကုမ္ပဏီအနေဖြင့် ပုလဲမွေးမြူထုတ်လုပ်ရန်အတွက် ၂၀၀၃ ခုနှစ် မှတ်ကောင်သားဖေါက်ရာသီတွင် ၂၃ ကြိမ် အထိသားဖောက်ခဲ့ပြီး သားပေါက်ကောင်ရေ စုစုပေါင်းကောင်ရေ ၃၃ သိန်း ၆ သောင်းတို့ကို ဒိုမယ်ကျွန်းရေပြင်နှင့် လင်န်းကျွန်းရေပြင်တို့တွင် ရေချမွေးမြူခဲ့ကြောင်းနှင့် ၂၀၀၄ခုနှစ် သား ဖောက်ရာသီအတွက်သားဖောက်ရန် ၂၅ ကြိမ်ခန့် သတ်မှတ်လျာထားကာ သားပေါက်ကောင်ရေ ၃၂ သိန်း ၆ သောင်းကျော် မွေးထုတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနမြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း တည်ရှိရာ ပုလဲကျွန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပုလဲကျွန်း အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ကြပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်း၌ ကျောင်းသား ကျောင်းသူများ သင်ယူလေ့ကျင့်နေကြသည်ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုကပုလဲကျွန်း ဝန်ထမ်းမိသားစုများ ကျန်းမာရေးအတွက် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ပညာရေးအတွက်ငွေကျပ် ၁၀ သိန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၀တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဒိုမယ်ကျွန်းရှိ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်း(တနင်္သာရီ)လီမိတက်၏ ပန်လုံးအော် အအေးခန်းနှင့် ရေခဲစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း ရေငန် ပုစွန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

(၁၁)ကြိမ်မြောက် အထူးတရားပွဲ

ပခုက္ကူ စက်တင်ဘာ ၂၀

ပခုက္ကူမြို့ တိလောကာရာမ ကျောင်းတိုက် အတွင်းရှိ အပါယ်ပိတ် ရွှေစေတီဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင် (၁၁) ကြိမ်မြောက် အထူးတရားပွဲ အဖြစ် အောက်တိုဘာ ၁ရက်နေ့ညဉ့် ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ၊ အောက်တိုဘာ၂ရက် နေ့ညတွင် ဝါခင်းကုန်း ဆရာတော် ဘဒ္ဒန္တတိက္ခအရှင်သူမြတ် တို့က တရားတော်များ ဟောကြား ချီးမြှင့်မည်ဖြစ်ရာ လှူဒါန်းလိုသူများ သည် တိလောကာ ရာမကျောင်းတိုက် ဖုန်း-၀၆၂-၂၂၅၉၄ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၄၁၃)**

သားငါးပွဲ့ဖြိုး ပြည်အကျိုး

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (၂၀၀၃)

၂၀၀၃

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့

၂၀၀၃ ခုနှစ်အောက်တိုဘာလ(၁)ရက်နေ့

INTERNATIONAL DAY OF OLDER PERSONS

1st OCTOBER 2003

''သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့''

"TOWARDS A SOCIETY FOR ALL AGES"

မောင်မောင်ညို

၁၉၉၉ ခုနှစ်မှအစပြု၍ အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့(International Day of Older Persons)အဖြစ် သတ်မှတ်ကျင်းပရန် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ခဲ့သည်နှင့်အညီ အောက်တိုဘာလ ၁ ရက်နေ့ကိုရောက်တိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့ရာ ယခုအခါ ပဉ္စမနှစ်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် တစ်နေ့တခြားများပြားလာသော သက်ကြီးရွယ်အိုများနှင့်ပတ်သက်၍ ကမ္ဘာသူ ကမ္ဘာသားများက အလေးထားဆောင်ရွက်ကြရန် လိုအပ်လာသည့်အတွက် ကုလ သမဂ္ဂအထွေထွေ ညီလာခံက အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အဖြစ်သတ်မှတ်ပြီး သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်ကြရေးအတွက် စည်းရုံးလှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာ့လူဦးရေသည် သန်းပေါင်းခြောက်ထောင်ကျော် ရှိလာပြီ ဖြစ်ပြီး ယင်းလူဦးရေ သန်းပေါင်းခြောက်ထောင်ကျော်တွင် လူငယ်၊ လူလတ်၊ လူကြီးတို့ စုံညီစွာ နေထိုင်လျက်ရှိကြခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ကိုလည်း'သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့' (Towards a Society For All Ages)အဖြစ် ဆယ်စုနှစ် သတ်မှတ်၍ ကျင်းပလျက်ရှိခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့်လည်း ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည် နှင့်အညီ ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ် များကို စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်လျက်ရှိသည့်အလျောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကို **'သက်ရွယ်စုံညီလူ့ဘောင်ဆီသို့' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သက်ကြီးရွယ်အို များ၏ အခြေအနေကို ပြည်သူများ သတိပြုမိစေရန်၊ ၁၉၉၉ ခုနှစ် နောက်ပိုင်း ကာလများတွင် သက်ကြီးရွယ်အိုများအတွက် ရေးရှုဆောင်ရွက်ရမည့် ဦးစားပေး လုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရန်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းဖြန့်ချိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လူငယ်များသည် သက်ကြီး ရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာစေရန်**ဟူသော ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားပါဆိုလျှင် ပဉ္စမနှစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်များနေ့ (၂၀၀၃)ခုနှစ် အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်တို့က နာယကများအဖြစ် ဆောင်ရွက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကိုဖွဲ့စည်းပြီး လုပ်ငန်းစီမံချက်များ ရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် ဆေးဝါးများလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၀ရက် နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်း ကော်မတီက ငွေပဒေသာပင်စိုက်ထူလှူဒါန်းငွေ ကျပ်တစ်သိန်းနှင့် ဆေးဝါးများကို ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီအနေနှင့် ရန်ကုန်တိုင်းအတွင်းရှိ ဘိုးဘွားရိပ်သာများကို ရိပ်သာကြီးလျှင် ငွေပဒေသာပင်ကျပ်တစ်သိန်းစီ၊ ရိပ်သာငယ်လျှင် ငွေပဒေသာပင် ကျပ်ငါးသောင်းစီနှင့် ဆေးဝါးများကို တာဝန်ရှိသူများကိုယ်တိုင် သွားရောက်လှူ ဒါန်းကြမည်ဖြစ်သည်။ ထို့ပြင် ပြည်နယ်နှင့်တိုင်းများရှိ အသိအမှတ်ပြုဘိုးဘွား ရိပ်သာ ၃၉ခုကိုလည်း ငွေပဒေသာပင်များ စိုက်ထူနိုင်ရန် ပေးပို့လှူဒါန်းမည် ဖြစ်သည်။

ထို့ပြင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်မည့်အပြင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ အသက် ၈၀ ကျော် သော ထူးချွန်ဘိုးဘွား ၄၃ဦးတို့အား ချီးမြှင့်ငွေ ကျပ်ငါးသောင်းစီနှင့် ဆေးဝါးများ လှူဒါန်းမည်ဖြစ်သည်။

ယခုအခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံအနှံ့အပြားတွင် လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များက ထူထောင်ထားသော ဘိုးဘွား ရိပ်သာများအပါအဝင် ဘိုးဘွားရိပ်သာပေါင်း ၄၅ ခုရှိရာ ယင်းဘိုးဘွားရိပ်သာများ အနက် ဘိုးဘွားရိပ်သာ ၃၇ ခုကို ဆန်၊ စားစရိတ်၊ ဝတ်စုံစရိတ်နှင့် ဂေဟာစုမှူး လစာများကို အဆင့်အလိုက် ထောက်ပံ့ကူညီလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှင့် ပတ်သက်၍ ကုလသမဂ္ဂ လူသားများ၏ ပျမ်းမျှသက်တမ်းကို သတ်မှတ်ထားရာ ၁၉၅၀ ပြည့်နှစ်တွင် ၄၆နှစ်ရှိခဲ့ရာမှ ယခုအခါ ၆၆နှစ်အထိ တိုးတက်လာသည့်အတွက် ယခင် လူ့ဘောင်လောကအတွင်း သက်ကြီးရွယ်အိုများ၏ အရေအတွက် အချိုးအစား သည် ၁၀ဦးလျှင် တစ်ဦးရှိခဲ့ရာမှ ယခုအခါ ငါးဦးလျှင် တစ်ဦးအထိ တိုးပွားလာခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွားသေနှုန်း ကောက်ယူမှုဆိုင်ရာ အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ၏ဦးရေသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း ဖော်ပြထားသည်။ အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်(ESCAP)က အာရှနှင့် ပစိဖိတ် ဒေသအတွင်းရှိ အရှေ့တောင်အာရှနိုင်ငံများတွင် အသက် ၆၀နှင့်အထက် သက်ကြီးရွယ်အိုများ၏ လူဦးရေရာခိုင်နှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ခုနစ် ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

စက်တင်ဘာလ ၁၆ ရက်နေ့တွင် တိုကျိုမြို့မှ ပေးပို့လိုက်သော ရိုက်တာ သတင်းအရ စက်မှုနိုင်ငံများတွင် ဂျပန်နိုင်ငံသည် သက်ကြီးရွယ်အိုများ အမြင့်မားဆုံး နိုင်ငံဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ လူဦးရေ ၁၂၇ သန်းတွင် ၂၄ ဒသမ ၃၁ သန်း၊ သို့မဟုတ် နိုင်ငံသားငါးဦးလျှင် တစ်ဦးမှာ အသက် ၆၅ နှစ်နှင့်အထက်ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အို ရာခိုင်နှုန်းမှာ ၁၉ ရာခိုင်နှုန်းဖြစ်ကြောင်း ဂျပန်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ် ပြန်ထားကြောင်း ဖော်ပြထားသည်။ အခြားစက်မှုနိုင်ငံများ၏ သက်ကြီးရွယ်အို နှုန်းမှာ ၂၀၀၁ ခုနှစ်တွင် အီတလီနိုင်ငံ၌ ၁၈ ဒသမ ၂ရာခိုင်နှုန်း၊ ဂျာမနီ နိုင်ငံ၌ ၁၇ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၀၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ၁၆ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးရှိကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြ ထားသည်။

မြန်မာနိုင်ငံအနေနှင့် လူဦးရေ ၅၂သန်းကျော်ရှိသည့်အနက် အသက် ၆၀နှင့်အထက် သက်ကြီးရွယ်အိုများသည် ၂၀၀၀ ပြည့်နှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ်တွင် ၈ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၁၂ ဒသမ ၁ ရာခိုင်နှုန်းရှိနိုင်ကြောင်း လူဦးရေဆိုင်ရာအဖွဲ့အစည်းများက ခန့်မှန်းထားသည်။

မြန်မာနိုင်ငံအနေနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ပြဿနာများပေါ်ပေါက် ခြင်း မရှိပါ။ မြန်မာလူမျိုးတို့သည် ရှေးယခင်ကတည်းကပင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရလည်းကောင်း၊ ထေရဝါဒ ဗုဒ္ဓ ဘာသာအရလည်းကောင်း အဘိုးအဘွားများကို ရိုသေကိုင်းရှိုင်းစောင့်ရှောက် သူများဖြစ်ကြသည်။ သားထောက်သမီးခံမရှိသော သက်ကြီးရွယ်အိုများအတွက် ဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်းများကို လွတ်လပ်ရေး မရမီနှင့် လွတ်လပ်ရေး ရပြီးနောက် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ခိုကိုးရာမဲ့ ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ နာတာရှည်ရောဂါခံစားရခြင်း စသည်တို့ကြောင့် စောင့်ရှောက်ရန်လိုအပ်သော သက်ကြီးရွယ်အိုများအတွက် ဘာသာရေးအသင်း အဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စေတနာရှင်များက အဘိုးအဘွားများကို ၁၈၉၈ ခုနှစ်ကတည်းက ဘိုးဘွားရိပ်သာ ဖွင့်လှစ်စောင့် ရှောက်ခဲ့ရာ ယခုအခါ ဘိုးဘွားရိပ်သာပေါင်း ၄၅ ခုခန့်အထိ ရှိနေပြီဖြစ်သည်။

မြန်မာ့မိသားစုနေထိုင်မှုစနစ်အရ အိမ်ထောင်စုတစ်ခုတွင်အဘိုးအဘွား များ၊ မိဘများ၊ သားသမီးများ၊ မြေးမြစ်များသည် အတူတကွ နေထိုင်ကြသည့် အစဉ်အလာရှိသည့်အတွက် လူငယ်၊ လူလတ်၊ လူကြီးတို့ စုပေါင်းနေထိုင် နေသော မြန်မာ့မိသားစု နေထိုင်မှုစနစ်သည် အပြည်ပြည်ဆိုင်ရာသက်ကြီး ရွယ်အိုများနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော **"သက်ရွယ်စုံညီ လူ့ဘောင် ဆီသို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နေထိုင်လျက်ရှိကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။ ။

သန်လျင် အထက(၁) မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်က ပတ္တမြား ခန်းမ၌ပြုလုပ်ရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ လေးဘာသာ ဂုဏ်ထူး ရရှိသူ မောင်ထက်ခန့်လွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ကြိုင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၃၀-၉-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဘောဂဗေဒ) (ခ)ပထမနှစ်(အင်္ဂလိပ်စာ)
၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဆန်းတဲ့ ချစ်ပန်းဝတ်ရည်"** (အပိုင်း-၂၀)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ (၃၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း **"အဖြူရင့်ရောင် ဆောင်းရာသီ"**(အပိုင်း-၂) ဒါရိုက်တာ- ညွှန့်မြန်မာညီညီအောင် သရုပ်ဆောင်-နိုင်းနိုင်း၊ စိုးမြတ်နန္ဒာ၊ မျိုးသန္တာထွန်း
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင် အောင်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၈ရက်က မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးရှေ့ ဆွမ်ပရာဘွမ် လမ်းမ ပေါ်ရှိ လမ်းလယ်ကျွန်းများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပန်းအလှပုံဖော်စိုက်ပျိုးခြင်းကို ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဘိန်းပပျောက်ရေး (၁၅)နှစ်စီမံကိန်းအောင်မြင်ရေး ပြည်တွင်းအင်အားဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေ ၂၀၀၃ ၌ ၂၀၀၂ နှင့်နှိုင်းယှဉ်လျှင် ဘိန်းစိုက်ပျိုးမှုကျဆင်းလာ ဒေသတွင်းနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၉

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပသော ဒေသတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်း၊ ဗိုလ်မှူးကြီး တင်ငွေနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်အတူ အဆင့်မြင့်အရာရှိများ အစည်းအဝေးတက်ရောက်ခဲ့ကြသည့်ရဲမှူးကြီးခမ်းအောင်၊ ဗိုလ်မှူးကြီးစန်းပွင့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

ဒေသတွင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် (၆)နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပသည့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Horison Hotel၌ စက်တင်ဘာလ ၂၅ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးချုပ် မစ္စတာဗူခေါင်းမ်က အစည်းအဝေးတက်ရောက်လာသည့် မြန်မာ၊တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများကို လက်ခံ တွေ့ဆုံနှုတ်ဆက်ပြီး နံနက် ၉ နာရီတွင် ၎င်းဟိုတယ်၏ Van Mieu ခန်းမ၌ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးသည်။

ဒေသတွင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဝန်ကြီးအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက နိုင်ငံအလိုက် မူးယစ်ဆေးဝါး ကာကွယ်နှိမ်နင်းရေးဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည်မူးယစ်ဆေးဝါးပပျောက်ရေးကိုမိမိနိုင်ငံအစီအစဉ်ဖြင့်လည်းကောင်း၊အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုတိုက်ဖျက်ရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝမြင့်တင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းတိုင်သစ်စီမံကိန်းကိုလည်း နယ်စပ်ဒေသများတွင် ၂၀၀၂ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဘိန်းစိုက်ပျိုးရာဒေသရှိ တောင်သူများအား ဘိန်းအစားထိုးသီးနှံမျိုးစေ့များ အခမဲ့ ဖြန့်ဖြူးပေးခြင်း၊ တောင်သူများကလည်း ဘိန်းမျိုးစေ့များ၊ ဘိန်းသီးများကို တာဝန်သိစွာ အပ်နှံခြင်း၊ ၎င်း

ဘိန်းစေ့၊ ဘိန်းသီးများကို မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် ၂၀၀၃ ခုနှစ်တွင် ၂၀၀၂ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဘိန်းစိုက်ပျိုးမှု ၂၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘိန်းပပျောက်ရေး (၁၅)နှစ်စီမံကိန်း အောင်မြင်ရေးကို မိမိအင်အားဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ MoU နိုင်ငံများနှင့်လည်း ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။**(အပေါ်ပုံ)**

ဝန်ကြီးအဆင့် အစည်းအဝေးက ဟနွိုင်းကြေညာစာတမ်းကို ထုတ်ပြန်ကြေညာပြီးသတင်းထုတ်ပြန်ချက်လည်း ပြုလုပ်သည်။

အစည်းအဝေးအပြီးတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က MoU အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများအား ဝန်ကြီးချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။ စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းနှင့် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတို့တွင် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် တရားရေးရာ ဝန်ကြီး မစ္စတာပွန်သက်သက်ခန်ဂျာနာ၊တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မတီဝင် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာဇန်ဇင်ဖန်း၊ ဗီယက်နမ်နိုင်ငံမှ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မတီဝင်ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီသယ်တိမ်းနှင့်လာအိုနိုင်ငံမှ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်ဥက္ကဋ္ဌ သမ္မတရုံး ဝန်ကြီး မစ္စတာဆူဗန်ဆရီသီရတ်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များနှင့် သီးခြားစီတွေ့ဆုံပြီးနှစ်နိုင်ငံချင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးညှိနှိုင်းအစည်းအဝေးများ ပြုလုပ်သည်။ ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက် အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၀ ရက်က(၁၂၄) ကြိမ်မြောက် မန္တလေးတိုင်း မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဖောင်တော်ဦး ရှင်ပင်ရေပေါ်ဆုတောင်းပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃာ့ဒါန ဆွမ်းသပိတ်လောင်းလှူပွဲ ကျင်းပစဉ်။

(က-ပ)

အပူပိုင်းဒေသစိုက်ခင်းများလုပ်ငန်းဆောင်ရွက်မှုနှင့်ရှင်သန်ကြီးထွားမှု သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် မြေသင်းတွင်းကျေးရွာရှိ အပူပိုင်းဒေသ သစ်တောစိုက်ခင်းစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ်က သစ်တောစိုက်ခင်း တည်ထောင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စိုက်ခင်းများအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့်သစ်ပင်များရှင်သန်ကြီးထွားမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်ပံတဲကျေးရွာသို့ ရောက်ရှိပြီး တူးဖော်ပြီးစီးသွားသည့် စက်ရေတွင်းမှကျေးရွာနှင့်စိုက်ခင်းများ အတွင်း ရေဖြန့်ဝေနိုင်ရေး ဆောင်ရွက်မှုကို ကြည့်ရှုပြီး မွန်းလွဲပိုင်းတွင် ပုပ္ပားအဆင့်မြင့် နားနေဆောင်သို့ ရောက်ရှိပြီး နားနေဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ချောက်မြို့နယ် ရွှေပုံတောင်ရှိ ဧက ၉၅၀နှင့် ဧက ၆၅၀ တမာစိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ပုဂံမြို့ရှိ လောကနန္ဒာဘေးမဲ့ဥယျာဉ်သို့ ရောက်ရှိပြီး အဆင့်မြင့်ဟိုတယ်ဆောက်လုပ်မှု အခြေအနေများနှင့် ဥယျာဉ်အတွင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ဝန်ကြီးသည် အပူပိုင်းဒေသ သစ်တောစိုက်ခင်း စီမံကိန်းများနှင့် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးမြင့်ကြယ်စာပေ ၂၅၁(ခ)၊ သံသုမာလမ်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်အနီး၊သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၇၂၃၅၆၄ က ထုတ်ဝေသော မင်းသိန်း(စက်မှု)၏ ကာဘရိုက်တာနှင့် အိပ်ဖော ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်စနစ် စာအုပ်မျက်နှာဖုံး။ (က-ပ)



အဆိုသင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၉

ဂီတဝါသနာရှင် မျိုးဆက်သစ်များအတွက် ရက်တိုတိုအတွင်း အဆိုတတ်အောင် သင်ကြားပေးနေသော ဦးကျော်နီ၏ အဆိုသင်တန်းကို အမှတ် ၅၀၊ငါးလွှာ၊သတိပဋ္ဌာန်လမ်း၊ တာမွေ၊ ရန်ကုန် ဖုန်း-C/O ၅၄၀၅၄၆ တွင် ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါသင်တန်းသို့ အဆိုဝါသနာရှင်များ တက်ရောက်နိုင်ရန် စီစဉ်ထားပြီး စင်တင်အဆိုရှင် ဖြစ်လိုသူများနှင့် တေးစီးရီးခွေ စီစဉ်လိုသူများအတွက် အသံပိုင်းဆိုင်ရာ အထူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဟန်မြန်မာအီလက်ထရွန်နစ် ရုပ်သံပစ္စည်းသစ်များမိတ်ဆက်

ရန်ကုန် စက်တင်ဘာ ၂၉

ဟန်မြန်မာ အီလက်ထရွန်နစ်၏ ပန်နာဆိုးနစ် အဆင့်မြင့် ဒစ်ဂျစ်တယ် ရုပ်သံပစ္စည်းသစ်များ မိတ်ဆက်ပွဲကို ယမန်နေ့ညနေ ၆ နာရီက ရန်ကုန်မြို့ အမှတ်(၃၃) အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Yangon တွင် ကျင်းပရာ Matsushita Electric Industrial Co.,Ltd. ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော် ဌာနေကိုယ်စားလှယ်ရုံးမှ အထွေထွေမန်နေဂျာ Mr. Kondo က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

အခမ်းအနားတွင် ၂၀၀၄ ခုနှစ်အတွက် ရုပ်သံပစ္စည်း မိုဒယ်သစ်များဖြစ်သော LCD TV, Plasma TV, Digital Camera, DVD Video Recorder, Home Theater, SD Memory Card သုံး Digital ရုပ်သံပစ္စည်းများနှင့် ၎င်းတို့အချင်းချင်း ဆက်သွယ်အသုံးပြုပုံများ စသည်တို့ကို ပန်နာဆိုးနစ်မှ တာဝန်ရှိသူများက သရုပ်ပြ ရှင်းလင်းကြသည်။ အဆိုပါ ပန်နာဆိုးနစ်ရုပ်သံပစ္စည်းများကိုအမှတ် ၂၈၅၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ဟန်မြန်မာအရောင်းပြခန်း ဖုန်း-၂၅၆၈၂၅၊ ၂၅၆၈၂၆၊ ၂၅၆၆၂၀၊ အီးမေးလ် hanmyanmar @ mptmail.net.mm နှင့် အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ် ဆိုင်ကြီးများတွင် ကြွရောက် လေ့လာနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၉

ဆဋ္ဌသံဂါယနာ ပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးနှင့် အမေရိကန်နိုင်ငံ ဟာ့မွန်ဗေးမြို့ ဓမ္မာနန္ဒဝိဟာရ ကျောင်းတိုက်၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ (A.A, B.A) ဆရာတော် ဘဒ္ဒန္တဇောတာလင်္ကာရ မထေရ်မြတ်ကို ဦးထိပ်ထား၍ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၃ ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ဒက္ခိဏာရုံကျောင်းတိုက်၌ ဘဒ္ဒန္တ မောခါနန္ဒနှင့် ဘဒ္ဒန္တ ဥတ္တရတို့အမှူးပြု၍ ၁၃၆၅ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်တွင် တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါတရားစခန်းပွဲ၌ ဆရာတော် ဘဒ္ဒန္တ သုဇာတ(မဟာစည်နယ်လှည့်ဓမ္မကထိက၊ သာသနဓဇ ဓမ္မာစရိယ) က သတိပဋ္ဌာန် ဝိပဿနာတရားများ ဟောကြားမည်ဖြစ်ရာ ယောဂီများနှင့် အလှူရှင်များ ဖုန်း-၆၅၁၇၆၄ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။**(က-ပ)**

အပတ်စဉ်(အင်္ဂါနေ့)တိုင်း ထုတ်ဝေသည့် ဟာသဂျာနယ် အတွဲ(၂) အမှတ်(၉) မျက်နှာဖုံး။ (က-ပ)

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသော အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ စတင်ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်းနှင့် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ နာယကကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက် နာယကကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဆွေးနွေးပွဲ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ နံနက်ပိုင်းတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နာယက ဦးကြည်ညွန့်နှင့် တွဲဖက်သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁)ပါမောက္ခဒေါက်တာ ဒေါ်မြမြက "Objectives of Seminar" အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင် ဒေါ်ရီရီဝင်းက "Historical Perspectives of Women and Sport" စာတမ်းကို လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က "What is Sport, Physical Education and Sport Marketing "စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန ဌာနမှူး ပါမောက္ခ ဒေါ်ခင်အေးဝင်းက"Sport Psychology"စာတမ်းကို လည်းကောင်း Power Point ဖြင့် အသီးသီး ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တင်ပြဆွေးနွေးသွားသော စာတမ်းများအပေါ် တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နာယက ဦးကြည်ညွန့်နှင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ဖြည့်စွက်မှာကြားဆွေးနွေးကာ နံနက်ပိုင်းအစီအစဉ်များကို ရပ်နားလိုက်သည်။

ထို့နောက်မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တွဲဖက်သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်က"Sport Leader Ship"စာတမ်းကို လည်းကောင်း၊ အားကစားဝန်ကြီးဌာနမှ ပညာရှင်ဦးရဲထွဋ်တင်က "Sport Management" စာတမ်းကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဆေးမှူး ဒေါက်တာမြလေးစိန်က"Sport Medicine "စာတမ်းကို လည်းကောင်း Power Point ဖြင့် ရှင်းလင်းဆွေးနွေး ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခဒေါက်တာဒေါ်မြမြက အုပ်စုငယ်များဆွေးနွေးခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အဖွဲ့အလိုက် အုပ်စုငယ်လေးစုခွဲ၍ ဆွေးနွေးကြကာ ပထမနေ့ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ နောက်ဆုံးနေ့ အစီအစဉ်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC) ၌ ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ဆွေးနွေးပွဲ အစီအစဉ်အရ 'အမျိုးသမီးထု ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားအဆင့်အတန်း တိုးတက်ရေး' ခေါင်းစဉ်နှင့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အမျိုးသမီး အားကစားသမားများ တိုးတက်ထွက်ပေါ်ရေး ခေါင်းစဉ်တို့ဖြင့် အုပ်စုလေးစု ဖွဲ့၍ အုပ်စုလိုက်ဝိုင်းဝန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးအယ်လ်အောင်ဒင်က ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁) ပါမောက္ခ ဒေါက်တာဒေါ်မြမြက ဆောင်ရွက်သည်။

ထို့နောက် အုပ်စုအလိုက် ဆွေးနွေးတင်ပြချက်များကို အုပ်စုကိုယ်စားလှယ်များက ပြန်လည်တင်ပြကြရာ အုပ်စု(၁)အတွက် တင်ပြချက်များကို ဒေါက်တာတင်ထွန်းဦးကလည်းကောင်း၊ အုပ်စု(၂)အတွက် တင်ပြချက်များကို ဒေါက်တာညွှန့်ညွှန့်ဦးက လည်းကောင်း၊ အုပ်စု(၃)အတွက် တင်ပြချက်များကို ပါမောက္ခ ဒေါ်ကြည်ကြည်လှကလည်းကောင်း၊ အုပ်စု(၄)အတွက် တင်ပြချက်များကို အထက(၂)လသာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုံးမြင့်ကလည်းကောင်း တင်ပြကြသည်။

ယင်းတင်ပြချက်များအပေါ် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး သဘာပတိနှင့် တွဲဖက်သဘာပတိတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ့အားကစား အောင်မြင်မှုများကို ဗီဒီယိုဖြင့် ပြသသည်။ ယင်းနောက် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲမှရရှိသော အကြံပြုချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုအတွင်းရေးမှူးများ အဖွဲ့က တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆွေးနွေးမှာကြား

အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ (National Seminar on Women and Sport)**တွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာ အသင်း အလုပ်အမှုဆောင် အဖွဲ့၏ နှစ်ပတ်လည် ညီလာခံနှင့်ပညာရည် ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသော မောင်ဘိုဘို ဟိန်းအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဦးမောင်မောင်ခင်သိန်းနှင့်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက်က ဆိပ်ဖူးတောင်ပရဟိတဂေဟာရှိတိုင်းရင်းသားကျောင်းသားကျောင်းသူကလေးများအား ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(က-ပ)**

မျိုးဆက်ပွားကျန်းမာရေး ရှင်းလင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၉

ညောင်လေးပင်မြို့နယ် ကျန်းမာရေး ဦးစီးဌာနကကြီးမှူးကျင်းပသော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထင်လင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထင်လင်း၊ လက်ထောက်ဆရာဝန် ဒေါ်စန္ဒာလှိုင်နှင့် ပြွန်တံဆာဒေသကျန်းမာရေးဆရာမ တစ်ဦးက မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းကြသည်။

(၁၃၄)

စက်တင်ဘာ ၂၈ ရက်က ကျောက်တန်းမြို့မ အလက၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် သင်ထောက်ကူကွန်ပျူတာ ထိန်းသိမ်းရေးအတွက် ကျောင်း အကျိုးဆောင် အဖွဲ့နာယက ဦးချစ်ရွှေ မိသားစုက အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန်က လက်ခံယူစဉ်။ (၁၀၉)

မြန်မာ့လက်ဝှေ့လက်ရွေးစင်အားကစားသမားများ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ကျူးဘားသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၉

ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်အတွက် မြန်မာ့လက်ဝှေ့အသင်း နည်းပြဆရာ (Mr. Lazaro Jimenez Martinez)ခေါင်းဆောင်သည့် မြန်မာ့လက်ဝှေ့အားကစားအဖွဲ့သည် စက်တင်ဘာ ၂၈ရက်က လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

အဆိုပါ မြန်မာ့လက်ဝှေ့အားကစားအဖွဲ့တွင် မြန်မာ့လက်ဝှေ့လက်ရွေးစင် ကျော်စွာအောင် (လယ်/ဆည်)၊ ရန်နောင်စိုး (လယ်/ဆည်)၊ ကျော်ကျော်လတ် (မြို့တော်စည်ပင်)၊ စိုင်းဇာနည်အောင်(မြန်မာနိုင်ငံရဲ)တို့ လိုက်ပါသွားကြသည်။ **(က-ပ)**

ဝိပဿနာတရားတော်များဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၂၉

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အမှတ်(၆) အင်းစိန်လမ်းမကြီး မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ အောက်တိုဘာ ၂ရက် (ကြာသပတေးနေ့)မှစ၍ အောက်တိုဘာ၁၆ရက်(ကြာသပတေးနေ့)အထိ စတုတ္ထအကြိမ် မဟာစည်မဟာသတိ ပဋ္ဌာန်ဝိပဿနာ ၁၅ ရက်တရားအားထုတ်ပွဲကို ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁ ရက်ည ၆နာရီတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန် အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒကအရှင်သူမြတ်က ဖွင့်ပွဲ တရားကို ဟောကြား၍ အောက်တိုဘာ ၂ရက် မွန်းလွဲ ၂ နာရီ တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာစည်နာယက သာယာကုန်း ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒ၊ အောက်တိုဘာ ၃ ရက် တွင် ညောင်ကန်အေး သာသနာ့ ရိပ်သာ နာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိစာရ၊ အောက်တိုဘာ ၄ ရက်တွင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသ၊ အောက်တိုဘာ ၅ရက်တွင် ကျိုက်ထိုမြို့ (မြို့မရမ်းချို) ပရိယတ္တိစာသင်တိုက် (သ.စ.အ ဓမ္မာစရိယ) ဘဒ္ဒန္တ နန္ဒောဘာသာ ဘိဝံသတို့က မဟာစည် ဝိပဿနာ တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

(၁၅)ကြိမ်မြောက် အာရှတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ဆုဆွတ်ခူးခဲ့သော နိုင်ငံ့ဂုဏ်ဆောင်ပြေးခုန်ပစ် အားကစားမယ် ယဉ်ယဉ်ခိုင်အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့သည့်(၁၅)ကြိမ်မြောက် အာရှတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ဆုရရှိခဲ့သော မြန်မာနိုင်ငံမှ နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားမယ် ယဉ်ယဉ်ခိုင်အား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပုလဲလမ်းရှိ မြရိပ်ညို ရှိုင်ရယ်ဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်နာယက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ အားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်းက (၁၅)ကြိမ်မြောက် အာရှတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ခဲ့မှုများနှင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရွှေတံဆိပ်ဆုများ ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားမယ် ယဉ်ယဉ်ခိုင်အား နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ ၆၀၀နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီကအာရှအဆင့် ရွှေတံဆိပ်တစ်ခုလျှင် ဆုငွေကျပ် ငါးသိန်းနှုန်းဖြင့် ရွှေတံဆိပ်နှစ်ခုအတွက် ချီးမြှင့်သည့် ဆုငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်နာယက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းကဂုဏ်ပြုဆုငွေကျပ်သုံးသိန်းနှင့် လက်ထောက်ကြီးကြပ်ရေးမှူးအဆင့်မှ ဒုတိယကြီးကြပ်ရေးမှူးအဆင့်သို့ တိုးမြှင့်သည့် ရုံးအမိန့်စာကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲတွင် အာရှအဆင့်ရွှေတံဆိပ်ရရှိခြင်းအတွက် ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ စံချိန်သစ် တင်နိုင်မှုအတွက် ငွေကျပ်တစ်သိန်း၊ အရှေ့တောင်အာရှစံချိန်ထက် သာလွန်မှုအတွက် ငွေကျပ်နှစ်သိန်း၊ အမျိုးသမီး မီတာ ၄၀၀ပြိုင်ပွဲတွင် အာရှအဆင့် ရွှေတံဆိပ်ရရှိခြင်းအတွက် ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံစံချိန်သစ်တင်နိုင်မှုအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်ခြောက်သိန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းကလည်းကောင်း၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီဒေါ်မိမိခင်က ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက ရွှေတံဆိပ်ဆုများ ရရှိရေးအတွက် ပံ့ပိုးကူညီကြသည့် နည်းပြချုပ် ဦးကျော်ခင်အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း၊ အသင်းအုပ်ချုပ်သူ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် နည်းပြဒေါ်သန်းသန်းတို့အား ဂုဏ်ပြုဆုငွေကျပ် ၅၀၀၀၀ စီ တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရွှေတံဆိပ်ဆုများ ရရှိခဲ့သည့် ပြေးခုန်ပစ်အားကစားမယ် ယဉ်ယဉ်ခိုင်က ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်သို့ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီက အလှူငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်းက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၁၅)ကြိမ်မြောက် အာရှတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲအမျိုးသမီး မီတာ၄၀၀ ဗိုလ်လုပွဲတွင် ပထမရွှေတံဆိပ်နှင့် အမျိုးသမီး မီတာ ၈၀၀ ဗိုလ်လုပွဲတွင် ပထမရွှေတံဆိပ် စုစုပေါင်း ရွှေတံဆိပ်ဆု နှစ်ဆုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားမယ် ယဉ်ယဉ်ခိုင်အားဂုဏ်ပြုချီးမြှင့်မှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆၀၀၊ ငွေကျပ် ၂၃ သိန်းနှင့် ဝန်ထမ်းအဆင့်တိုးရုံးအမိန့်တို့ ဖြစ်သည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ ကြီးကြပ်ရေးမှူးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁)ဆင်းပွဲကို စက်တင်ဘာ ၂၉ ရက်က ပန်းဆိုးတန်းလမ်းရှိ ရုံးချုပ်အစည်းအဝေးခန်းမဆောင်တွင်ပြုလုပ်ရာ ပထမဆုရ ဦးကျော်ဝင်း (ကောလင်းရုံးခွဲ) အား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းညွှန့်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၂၅၉)

ဆဋ္ဌမအကြိမ်ကမ္ဘာ့ကိုယ်ခံပညာပွဲတက်ရောက်ရန် မြန်မာအားကစားအဖွဲ့ တောင်ကိုရီးယားသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၉

ကိုရီးယားသမ္မတနိုင်ငံ ချန်ချူးမြို့တွင် စက်တင်ဘာ၃၀ရက်မှ အောက်တိုဘာ ၆ရက်အထိ ကျင်းပမည့် ဆဋ္ဌမအကြိမ် ကမ္ဘာ့ကိုယ်ခံပညာပွဲတော်သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန်ပထမဆင့်)ဒေါ်မိမိခင်ခေါင်းဆောင်သော အဖွဲ့ဝင်ခုနစ်ဦးပါ မြန်မာအားကစားအဖွဲ့သည် စက်တင်ဘာ၂၈ရက်ညနေပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ ရိုးရာလက်ဝှေ့ အားကစားသမား မြင့်သူ(ဒေါ့ဂျစ်)၊ စကျော်တင့်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ သိုင်းအားကစားသမား ဝင်းဖေ၊ တင်မြင့်တို့နှင့်အတူ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်အမှုဆောင် ဒေါ်သီတာဆွေ (MRTV-3) နှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အမှုဆောင် ဦးတင်ဝင်းတို့လည်း လိုက်ပါသွားကြသည်။

ဆဋ္ဌမအကြိမ် ကမ္ဘာ့ကိုယ်ခံပညာပွဲတော်သို့ ကမ္ဘာ့နိုင်ငံ ၃၅ နိုင်ငံမှ တက်ရောက်ကြမည်ဖြစ်ပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ ရိုးရာကိုယ်ခံပညာရှင်များက သရုပ်ပြကြမည် ဖြစ်သည်။ **(က-ပ)**

အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း၊ အမှတ် ၂၀၀ MMT Computer Training Center တွင် Highrise Building Structure Designသင်တန်းများကို Etab Software ဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ပြီး နှစ်ပေါင်း ၅၀ က စင်ကာပူ၊ ကနေဒါ၊ အမေရိကန်နှင့် အခြား ဥရောပနိုင်ငံများတွင် ပြိုကျခဲ့သည့် Highrise Buildingများ၏ ဒီဇိုင်းအမှားများ၊ တည်ဆောက်ရေးကန်ထရိုက်တို့၏အမှားများအပေါ် လေ့လာသုံးသပ်ချက်များကိုပါသင်ကြားပေးမည်ဖြစ်သည်။

Seismicloading on Highrise Biuldups With Computed & Torsional Modeနှင့် Design Of Space Multistory Frame-Shear Wall Structures Under Seismicloadစသည့် ခေါင်းစဉ်ဖြင့် ငလျင်ဒဏ်ခံအဆောက်အအုံ ဒီဇိုင်းနည်းပညာများကို ဖြည့်စွက်သင်ကြားပို့ချပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ Mmt Computer Sales, Services & Training Center ဖုန်း- ၇၀၇၅၆၆၊ ၀၉-၈၀-၂၁၈၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးအခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၈၅-၈၆ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၉ ရက် (တနင်္ဂနွေနေ့)၌ နမ္မတီးအထကတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေသော ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အမြန်ဆက်သွယ်ကြရန်နှင့် အလှူငွေများကို ဦးတင်စိုး(ဆသရ)နမ္မတီး၊ ဖုန်း-၀၇၄-၄၀၃၆၆၊ ၄၀၃၇၀၊ ဦးသက်ထွန်းဦး (MSEC Co.)ဖုန်း-၀၁-၃၇၄၈၉၄၊ ၃၇၈၆၄၇၊ ၅၆၀၇၃၆နှင့် ဒေါ်နုနုစိန် (သျှင်ပါကူ)ဖုန်း-၀၁-၇၂၂၉၁၁၊ ၀၉-၅၀-၁၂၅၄၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းနှင့်အဖြေစာအုပ်ထုတ်

ရန်ကုန် စက်တင်ဘာ ၂၉

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့က ၂၀၀၃ ခုနှစ် ပြည်နယ်နှင့် တိုင်းများတွင် စစ်ဆေးခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲ၏မေးခွန်းများနှင့် အဖြေများ(ဓာတု၊ ရူပ၊ ဇီဝ) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် စာစစ်မှူးချုပ်များဖြစ်သော ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက အမှတ်ပေးစည်းမျဉ်းနှင့်အညီ ရေးသားပြုစုဖြေဆိုပြထားပြီး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများစံနမူနာယူ လက်ကိုင်ထားရှိသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ဦးခင်မောင်စိန်၊ လက်ထောက်အတွင်းရေးမှူး မြန်မာနိုင်ငံ စာစစ်အဖွဲ့၊ လသာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၉၇၅ သို့ ဆက်သွယ် မှာကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

❍ *အာရှပြေးခုန်ပစ်မှ*

ယမန်နေ့က ကျင်းပသော အမျိုးသမီး မီတာ ၈၀၀ ဗိုလ်လုပွဲတွင် ကွင်းဒုတိယအပတ် နောက်ဆုံးအသုတ်ပြေးချိန်တွင် ယဉ်ယဉ်ခိုင်ကို ရှေ့ရှား အပြေးမယ်များက ကျော်တက်သွားကြလိမ့်မည်ဟု အများက ထင်ထားခဲ့ကြသည်။ ရှေ့ရှားအပြေးမယ်များမှာ ကာဇက်စတန်နိုင်ငံမှ ကာဂျာနာရိစလန်နီဗာနှင့် ဥဇဘက်ကစ္စတန်မှ ဇာမီရာအမီရိုဗာတို့ ဖြစ်သည်။ သို့သော် ယဉ်ယဉ်ခိုင်မှာ အများထင်မှတ်ထားသကဲ့သို့မဟုတ်၊ အပြေးရှိန် ကျ မသွားဘဲ ဆက်လက်ထိန်းထားနိုင်ခဲ့ပြီး သူမအတွက် ဒုတိယ ရွှေတံဆိပ် ဆုကို ပိုင်ပိုင်ရယူသွားသည်။

ကျွန်မအရမ်းပျော်ပါတယ်။ယခုလို ပြိုင်ပွဲကြီးမှာ မပြောပါနဲ့၊ ကျွန်မ အရှေ့တောင်အာရှပြိုင်ပွဲမှာတောင်မှ ဝင်မပြိုင်ခဲ့ပါဘူး၊ ကိုယ့်အမိနိုင်ငံအတွက် ရွှေတံဆိပ်နှစ်ခုတောင် ရယူပေးနိုင်တာဟာ တကယ့်ကို အံ့သြစရာပါပဲ၊ ယခုလိုအောင်မြင်ခဲ့တာကို ကျွန်မ ယုံတောင်မယုံနိုင်ပါဘူးရှင် ဟု ယဉ်ယဉ်ခိုင်က ပြိုင်ပွဲအပြီးတွင် ပြောပြသွားသည်။

သူမသည် လာမည့်ဒီဇင်ဘာလတွင် ကျင်းပရန်ရှိသော ဗီယက်နမ်ဆီးဂိမ်းတွင်လည်း အစွမ်းပြဦးမည်ဖြစ်သည်။ ယခု သူမရရှိထားသော စံချိန်သည် ၁၉၈၅ ခုနှစ်အတွင်းက ထိုင်းအပြေးမယ် အက်စ်ချာတနာဟောင် တင်ထားခဲ့သော ၂း၀၃ ဒသမ ၇၅ စက္ကန့်ထက်ပင် သာလွန်ကောင်းမွန်နေပြီ ဖြစ်သည်။

စက်ပြုပြင်မှုသင်တန်းဖွင့်မည်

အီလက်ထရွန်နစ်

ရန်ကုန် စက်တင်ဘာ ၂၉

စိတ်ပါဝင်စားသော လူငယ်များအတွက် ဝါရင့်ကျွမ်းကျင် လက်ရွေးစင်အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲ သေတ္တာ၊ လေအေးပေးစက် စာတွေ့လက်တွေ့၊ လက်တွေ့အသုံးချ လျှပ်စစ်သင်တန်း၊ အီလက်ထရွန်နစ် သင်တန်း(ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗီဒီယို)၊ Programmable Logic Controls (P.L.C) ရေးဆွဲနည်း စာတွေ့လက်တွေ့ သင်တန်းသစ်များကို အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ Elite Engineering Group အမှတ် ၅၁၊ မြေညီထပ်၊ ၃၈ လမ်း (ကမ်းနားဘလောက်)၊ ရန်ကုန်၊ ဖုန်း-၀၁-၂၄၂၂၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဘိန်းဖြူခြောက်ကီလိုဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂၉

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် မန္တလေး မူးယစ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် ညနေ ၆ နာရီတွင် သတင်းအရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း(၇၃ x ၇၄)လမ်းကြားသို့ အငှားယာဉ်ဖြင့် လိုက်ပါလာသူ ခင်မောင်အေးနှင့် ထွန်းနိုင်တို့၏ ဂျင်းကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ၁၇ တုံး စုစုပေါင်း အလေးချိန် ခြောက်ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ကလေးမြို့ အောင်မင်္ဂလာရပ် ဗိုလ်ချုပ်လမ်းနေ ဦးမြအောင်၏သား ခင်မောင်အေးနှင့် လားရှိုးမြို့ ရပ်ကွက်(၈)နေ ဦးဂျန်မော်ဟော်၏သား ထွန်းနိုင်တို့နှစ်ဦးအား မန္တလေး အမှတ် (၈)ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၉/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၀(က)/၂၁ အရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပြိုင်ပွဲ
လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယနေ့ညနေ ၄ နာရီတွင် လှုငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ပထမဆု ရရှိသော ဘဏ္ဍာ/အခွန် အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်က ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် အဆင့်မြင့်တန်းပြိုင်ပွဲများ၌ နောက်ဆုံးဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရရှိသော တံခွန်အသင်းတို့ဆုံတွေ့သောဗိုလ်လုပွဲဖြစ်သည်နှင့်အညီ ပရိသတ်အားပေးမှုများပြားပြီး အကြိတ်အနယ်ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။

ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက ဆက်တိုက်ဆိုသလိုဖိကစားပြီး ဂိုးသွင်းခွင့်များ ရသော်လည်း ဂိုးမရဘဲဖြစ်နေသည်။ တံခွန်အသင်းက တန်ပြန်တိုက်စစ်ဖြင့် တစ်ချီတစ်ချီတွင် ထိုးဖောက်ကစားရာ ဂိုးရလုရခင် အခြေအနေမျိုး ရှိခဲ့သည်။ တံခွန်အသင်းမှ ကန်သွင်းသော နှစ်ကြိမ်မှာ ကန်ချက်ကောင်းသော်လည်း ဂိုးသမား အောင်အောင်ဦး အစွမ်းပြကာကွယ်နိုင်သဖြင့် ဂိုးမပေးရခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းသည် ပထမပိုင်းပြီးသည်အထိ ကစားကွက်မိပြီး ဂိုးမရဖြစ်နေရာ ဒုတိယပိုင်းတွင် ပို၍တင်ကစားလာသည်။ ဒုတိယပိုင်း ၄ မိနစ်တွင် မျိုးလှိုင်ဝင်းကန်သွင်းသော ဘောလုံးမှာ ဂိုးတိုင်ခြေကို ထိပြီး ထွက်သွားသဖြင့် တံခွန်အသင်း တစ်ဂိုးသက်သာသွားသည်။ ဒုတိယပိုင်းမိနစ် ၂၀ နောက်ပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက အဆက်မပြတ် ဖိအားပေးကစားနိုင်ခဲ့သည်။ ၆၆ မိနစ်တွင် ရန်ပိုင်အပိုင်ကန်သွင်းရာ ဂိုးဘားတန်းထိပြီး ပြန်ထွက်သွားသည်။

ဘဏ္ဍာ/အခွန်အသင်းသည် ၇၅ မိနစ်လုံးလုံး ဂိုးမရဘဲဖြစ်နေရာမှ အဖွင့်ဂိုးသွင်းယူနိုင်ပြီးမှသာ ဆက်တိုက်ဆိုသလို ဂိုးများရရှိခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ပထမဂိုးကို ၇၅ မိနစ်တွင် အောင်ကျော်မိုး ထိုးပေးသည့်ဘောလုံးကို မျိုးလှိုင်ဝင်းက ဂိုးနှင့်အနီးကပ် အပိုင်ကန်သွင်းယူသည်။ ဒုတိယဂိုးကို မိနစ် ၈၀ တွင် အောင်ကျော်မိုးအစား လူစားဝင်ကစားသည့် ဇော်ထိုက်က အနေတော်ထိုးပေးသော ဘောလုံးကို မျိုးလှိုင်ဝင်းက ကိုယ်တိုင်ကန်သွင်းမယူဘဲ ဂိုးရှေ့သို့ချိုးပေးရာ စိုးလင်းထွန်းက အပိုင်ဝင်ပိတ်သွင်းယူသည်။

ဘဏ္ဍာ/အခွန်အသင်း အတွက် တတိယဂိုးနှင့် ပွဲသိမ်းဂိုးကို ၈၈ မိနစ်တွင် ဘောလုံး ဘေးစည်းကျော်လုကျော်ခင်အနေအထားမှ လွင်ဦးက ဂိုးရှေ့သို့ဖြတ်ချိုးပေးရာ ရန်ပိုင်က ကန်သွင်းယူသည်။

အကောင်းဆုံးဆု

ဗိုလ်လုပွဲ၏ အကောင်းဆုံးဘောလုံးသမားဆုကို ဘဏ္ဍာ/အခွန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးသည့် အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းက ရရှိသည်။ မျိုးလှိုင်ဝင်းသည် ပွဲစဉ်တိုင်းတွင် အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ကစားပြီး စုစုပေါင်း ခြောက်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဆုပေးပွဲကျင်းပ

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်က ဒုတိယဆုရရှိသော တံခွန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပထမဆုရရှိသော ဘဏ္ဍာ/အခွန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရ ရဝေဇင်(တံခွန်)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး နောက်တန်းဆုရ ငွေအောင်(ကာကွယ်ရေး)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအလယ်တန်းဆုရ လွင်ဦး(ဘဏ္ဍာ/အခွန်)၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးရှေ့တန်းဆုရ ကျော်သီဟ(တံခွန်)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ ကျော်သူရ(ဘဏ္ဍာ/အခွန်)တို့အား ငွေကျပ်နှစ်သောင်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရရှိသော ဘဏ္ဍာ/အခွန်အသင်းအား ဆုဖလားကြီးနှင့် ငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်သည်။

အမှတ်တရ ဓာတ်ပုံရိုက်

ဆုပေးပွဲအခမ်းအနားအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ အမှတ်တရဓာတ်ပုံရိုက်စဉ်။

(မြန်မာ့အလင်း)



ဂုဏ်ပြုငွေချီးမြှင့်

အနိုင်ရဗိုလ်စွဲသွားသော ဘဏ္ဍာ/အခွန်အသင်းအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေတို့က ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်းကိုလည်းကောင်း၊ Bagan Cyber-tech နှင့် Maykha မှ ဦးရဲနိုင်ဝင်းက ငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

မြန်မာအသံနှင့် ရုပ်မြင်သံကြားအတွက်

လိုအပ်သောစက်ပစ္စည်းဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာအသံနှင့်ရုပ်မြင်သံကြားတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

FET MRF 3735

၂။ တင်ဒါပေးသွင်းမှုကို ၆-၁၀-၂၀၀၃ ရက်(၁၆:၃၀)နာရီတွင်ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

ဥရောပချန်ပီယံဖလားပွဲစဉ်(၂)စတင်

ဥရောပချန်ပီယံဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်(၂)ကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ပြုလုပ်မည်။

အုပ်စု(က)

အုပ်စု(က)မှ ဆဲလ်တစ်နှင့် လိုင်ယွန်တို့ စကော့တလန်တွင် ကစားရပြီး၊ ဘယ်လ်ဂျီယံတွင် အန်ဒါလက်ချ်နှင့် ဘိုင်ယန်မြူးနစ် ကစားရမည်။ပွဲစဉ်(၁)တွင် လိုင်ယွန်နှင့် ဘိုင်ယန်မြူးနစ်တို့ အနိုင်ရကြသည်။

အုပ်စု(ခ)

အုပ်စု(ခ)မှ အင်တာမီလန်နှင့် ဒီနာမိုကီးယက်ဖ်တို့ မီလန်ကွင်းတွင် ကစားရပြီး ရုရှားမော်စကိုတွင် ရုရှားမှ လိုကိုမိုးတစ်နှင့် အာဆင်နယ်တို့ ကစားရမည်။ ပွဲစဉ်(၁)တွင် အင်တာမီလန်နှင့် ဒီနာမိုကီးယက်ဖ်တို့ အနိုင်ရခဲ့ကြသည်။

အုပ်စု(ဂ)

အုပ်စု(ဂ)မှ မိုနာကိုနှင့် ဂရိမှ အေအီးကေတို့ မိုနာကိုကွင်းတွင် ကစားရပြီး စပိန်တွင် ဒီပို့တီဗိုနှင့် ဟော်လန်မှ အိုင်ဟိုဗင်တို့ ကစားရမည်။ ပွဲစဉ်(၁)တွင် မိုနာကို အနိုင်ရပြီး အေအီးကေနှင့် ဒီပို့တီဗို (၁)မှတ်စီရနေကြသည်။

အုပ်စု(ဃ)

အုပ်စု(ဃ)မှ အိုလံပီယာကော့စ်နှင့် အီတလီချန်ပီယံ ဂျူဗင်းတပ်တို့ ဂရိတွင်ကစားရပြီး တူရကီတွင် ဂါလာတာဆာရေးနှင့် စပိန်မှ ရီးယဲဆိုစီဒက် ကစားရမည်။ ပွဲစဉ်(၁)တွင် ဂျူဗင်းတပ်နှင့် ဆိုစီဒက်တို့ အနိုင်ရသည်။

ပရီမီယာရှစ် အနိုင်အရှုံး

ပရီမီယာရှစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်များက ဆက်လက်ပြုလုပ်ခဲ့ရာ ချန်ပီယံမန်ယူက လက်စတာကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်သောကြောင့် မန်ယူ(၁၆)မှတ် ရနေသည်။ မန်ယူဂိုးများကို နစ္စတယ်ရွိုင်း သုံးဂိုး၊ ရွိုင်ကိန်း တစ်ဂိုးသွင်းသည်။

ချယ်လ်ဆီးဒုတိယနေရာရ

နာမည်ကြီးချယ်လ်ဆီးက အက်စတွန်ဗီလာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ရာ ၄၂ မိနစ်တွင် အနိုင်ဂိုးကို ဟာဆယ်ဘိန့် သွင်းခဲ့သည်။ ချယ်လ်ဆီး အနိုင်ရသောကြောင့် (၁၆)မှတ်ဖြင့် ဒုတိယနေရာ ရနေသည်။

အီတလီ စီးရီးအေ

အီတလီစီးရီးအေကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့က ပြုလုပ်ခဲ့ရာ အူဒီနီးစီးနှင့် အင်တာမီလန် ဂိုးမရှိ သရေကျပြီး ချန်ပီယံ ဂျူဗင်းတပ်က ရာဂျီးနားကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။

ရိုးမားနှင့်အေစီမီလန်နိုင်ပွဲ

ရိုးမားက အန်ကိုနာကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အေစီမီလန်က လေချီကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်သောကြောင့် ရိုးမား၊ အေစီမီလန်နှင့် ဂျူဗင်းတပ်တို့ (၁၀)မှတ်စီရနေကြကာ ထိပ်ဆုံးနေရာရောက်နေကြသည်။

ပါးမားနှင့် ဆီယေနာ တစ်ဂိုးစီ သရေကျသကဲ့သို့ အမ်ပိုလီနှင့် လာဇီယို နှစ်ဂိုးစီ သရေကျသည်။ ပါးမားနှင့် အင်တာမီလန် (၈)မှတ်စီရနေကြပြီး လာဇီယို(၇)မှတ်ရနေသည်။

ခီယေဗိုက ပရူးဂျားကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်သောကြောင့် (၇)မှတ်ရနေပြီး ဆမ့်ဒိုရီးယားက ဘရက်ရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ မိုဒီနာက ဘိုလော့ညာကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။

(က-ပ)



၂၀၀၃ ခုနှစ် အောက်တိုဘာလထုတ် အပျိုစင်မဂ္ဂဇင်း အမှတ်(၁၀) မျက်နှာဖုံးကိုတွေ့ရစဉ်။

(က-ပ)

အိုလံပစ်ဂျာနယ် အမှတ်(၃၁၇)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၉

ဘဏ္ဍာ/အခွန် ဗိုလ်စွဲသွားတဲ့ ကွင်းဖွင့်ပွဲအကြောင်း စပ်မိစပ်ရာ၊ ကျွန်တော်နှင့်ဘက်ဒ်မင်တန်၊ ဘောလုံးလောကမှ ရယ်မောစရာများ၊ ဘောလုံးလူမိုက်တွေကို အပြစ်ပေးပါ၊ ဘက်ခမ်လိုနေတာ အိမ်တစ်လုံး၊ ချန်ပီယံလိဂ်ပွဲကြို၊ ပရီမီယာရှစ်၊ စပိန်လာလီဂါ၊ အီတလီစီးရီးအေ စသည့် ဆောင်းပါးများ၊ မောင်ရဲဝင်း၊ချစ်ဦးညို၊ ကိုထွေး၊ ပလာယာ၊ မောင်တွေးထက်၊ ခန့်မောင်ထက်၊ ဖြူလင်း၊ ရဲဇာနည်၊ လူသန့်အေး၊ ဟိန်းသန့်၊ လင်းသစ်တို့၏ လက်ရာများနှင့်အတူ ပြည်တွင်းအားကစားသတင်းများ၊ နိုင်ငံတကာဘောလုံးသတင်းများ စေ့စေ့ဆားဆား တင်ဆက်ထားသည့် အိုလံပစ်ဂျာနယ် **(အပေါ်ပုံ)** ကို ဆင်တောင်ကြီးစာပေက ယနေ့ ဖြန့်ချိလိုက်သည်။ **(က-ပ)**

မဟာဝိဇယစေတီတော် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၂၈

မဟာဝိဇယစေတီတော်ကြီး၏ ဧကာဒသမအကြိမ်မြောက် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲတော်ကို(သီတင်းကျွတ်လဆန်း ၁၄ ရက်) အောက်တိုဘာ ၉ ရက်မှ (လပြည့်ကျော် ၁ ရက်)အောက်တိုဘာ ၁၁ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့ အောက်တိုဘာ ၁၀ ရက် နံနက် ၅ နာရီတွင် သစ်သီးမျိုးစုံ၊ မုန့်မျိုးစုံတို့ဖြင့် စေတီတော်ကြီးကို ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်မည် ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၄ရက် (အောက်တိုဘာ ၉ရက်)မှ လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၁၁ ရက်)အထိ သုံးရက်တိုင်တိုင် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဝတ်အသင်းအဖွဲ့များက ပရိတ်တရားတော်များ ရွတ်ဖတ်၍ စေတီတော်မြတ်ကြီးကို ပူဇော်မည်ဖြစ်ပြီး ညနေ ၆ နာရီမှ စ၍ သုံးညတိုင်တိုင် စေတီတော်မြတ်ကြီးကို ညစဉ် ဆီမီး ၅၀၀၀ ထွန်းညှိ၍ ဆီမီးပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် တာဝန်ရှိသူများ စက်တင်ဘာ ၂၅ရက် ညက ရေဆိုးများသန့်စင်ရေးစက်ရုံဝင်းအတွင်း၌ သန့်စင်စနစ်ပြောင်းလဲရန် ကန်၏ပင်မကြမ်းခင်းများ ကွန်ကရစ်လောင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၂၁၀)

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းနှင့်အဖြေစာအုပ်ထုတ်

ရန်ကုန် စက်တင်ဘာ ၂၈

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်အဖွဲ့က ၂၀၀၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းများတွင်စစ်ဆေးခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲ၏ မေးခွန်းများနှင့် အဖြေများ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် စာစစ်မှူးချုပ်များဖြစ်သော ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက အမှတ်ပေးစည်းမျဉ်းနှင့်အညီ ရေးသားပြုစု ဖြေဆိုပြထားပြီး၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စံနမူနာယူ လက်ကိုင်ထားရှိသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ဦးခင်မောင်စိန်၊ လက်ထောက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊လသာလမ်း၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၉၇၅ သို့ ဆက်သွယ်မှာကြားနိုင်ကြောင်းသိရသည်။**(က-ပ)**

ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၀၃ ခုနှစ် (၃၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ရက်တွင် ပုသိမ်မြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဆုရရှိသည့်အသင်းများကို ဆုချီးမြှင့်ရာ အမျိုးသားအသင်းတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းအသင်း၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်း၊ အမျိုးသမီးအသင်းတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းအသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းအသင်း၊ တတိယဆုရရှိသည့်မန္တလေးတိုင်းအသင်းနှင့်အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများက လည်းကောင်း၊ အမျိုးသားအသင်း တံခွန်စိုက်ဒိုင်းဆုရရှိသည့် မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းနှင့် အမျိုးသမီးအသင်း တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းတို့အား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန်းထွန်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့ရေလုပ်ငန်းဆိုင်ရာ Official Website လွှင့်တင်ထား

ရန်ကုန် စက်တင်ဘာ ၂၈

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာ့ရေထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၃ ကို ရန်ကုန်မြို့ ကုန်သွယ်မှုဇဟိုဌာန (ပုဇွန်တောင်)၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ လာရောက်ပြသမည့်သူများနှင့် လာရောက်လေ့လာသူများ ကြိုတင်သိရှိနိုင်ရန် Website Portal ကို ယခုနှစ် ဇူလိုင် ၁၄ ရက်မှ စတင်လွှင့်တင်ထားပြီး ဖြစ်သည်ဟု သိရသည်။

အဆိုပါ Website (www.myanmar fishery.com) သည် ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များ၏ ပို့ကုန်များ နိုင်ငံတကာသို့ ထိုးဖောက်ရောင်းချနိုင်ရန်၊ ဈေးကွက်ရရှိရန် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန်၊ ခေတ်မီနည်းပညာများ တိုးပွားလာစေရန်နှင့် ကုန်ပစ္စည်း အမည်သစ်(အမယ်သစ်)များ တိုးတက်ထုတ်လုပ်လာနိုင်ရန် ရည်ရွယ်ထားသည်။ မြန်မာ့ရေပြင်ထွက်ငါးအမျိုးမျိုး၊ ရောင်စုံဓာတ်ပုံများနှင့် ရေထွက်ပို့ကုန်များဖြစ်သော ငါး၊ ပုစွန်၊ ကဏန်းတို့၏ပုံများကိုပါ ကြည့်ရှုလေ့လာနိုင်သည်။

ထို့အပြင် မြန်မာ့ငါးလုပ်ငန်းအတွက် မြန်မာ့ရေထွက်ပစ္စည်းလုပ်ငန်းရှင်များ လိုအပ်လျက်ရှိသော စက်ပစ္စည်းကိရိယာများနှင့် နည်းပညာများကို ဤ Internet Portal က ရောင်းချသူများနှင့် တိုက်ရိုက် ဆက်သွယ်မှုရှိနိုင်မည် ဖြစ်သည်။

ယခု အပြီးသတ် ပြင်ဆင်လွှင့်တင်လိုက်သော Website ကို အာဆီယံနိုင်ငံများအပြင် ကိုရီးယား၊ ဂျပန်၊ တရုတ်နိုင်ငံတို့မှ ငါးလုပ်ငန်းနှင့် ဆက်စပ်နေသူများ ဝင်ရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာန ဖုန်း-၂၂၂၁၃၉ သို့လည်း ဆက်သွယ်နိုင်ပြီး Website ပေါ်တွင် တင်နိုင်ရန်အတွက် နည်းပညာထောက်ပံ့မှုပိုင်းကို D.P.S Co., Ltd. မှ တာဝန်ယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၀ ရက်က အင်းစိန် အထက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ခရိုင်ပညာရေးမှူး ဦးရန်နောင်က ၂၀၀၃ ခုနှစ် အခြေခံပညာအထက်တန်း ခြောက်ဘာသာ ဂုဏ်ထူးရှင် မသင်းသန္တာအား ဂုဏ်ပြုဆုနှင့် စွယ်စုံဆုများ ချီးမြှင့်စဉ်။(၀၄၆)

ရိုးသားယာဉ်မောင်းနှင့် လက်မှတ်ရောင်းဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၂၈

သန်မြန်သူမော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီ (ရန်ကုန်)ဌာနခွဲ(၃) သန်မြန်သူအမှတ်(၈၀) ယာဉ်လိုင်းသည် စက်တင်ဘာ ၇ ရက်က ယာဉ်အမှတ် ၃က/၉၂၅၁ ယာဉ်ခေါင်းခန်းမှ စီးနင်းလိုက်ပါသူ ခရီးသည် ဦးသာချိုက ငွေကျပ် ၄၂၂၄၅ ပါ ပိုက်ဆံအိတ်မေ့ကျန်ခဲ့သည်ကို ပိုင်ရှင်အား ရိုးသားစွာ ပြန်လည်အပ်နှံခဲ့သည့် ယာဉ်မောင်း ဦးဝင်းမြင့်နှင့် လက်မှတ်ရောင်း ဦးကျော်မြင့်စိုးတို့နှစ်ဦးအား ဂုဏ်ပြုပွဲကို စက်တင်ဘာ ၂၇ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ဝိုင်း သာသနာ့ပါလမွန်ကျောင်း၌ ကျင်းပရာ ဌာနခွဲ(၃) ဌာနခွဲမှူး ဦးမောင်ကြည်၊ သန်မြန်သူလိုင်းများဥက္ကဋ္ဌ ဗိုလ်မှူးကျော်စိန်(ငြိမ်း)တို့က ဂုဏ်ပြုအမှာစကားများပြောကြားပြီးနောက် ယာဉ်မောင်းနှင့် လက်မှတ်ရောင်းနှစ်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

(အောက်ပုံ) (၀၅၂)

ရန်ကုန်ဂေါက်အသင်း နှစ်(၁၀၀)ပြည့်အကြို မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်ဂေါက်အသင်းကို ၁၉၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် နှစ်(၁၀၀)ပြည့် မြောက်တော့မည် ဖြစ်သည့်အတွက် ရန်ကုန် ဂေါက်အသင်းနှစ် (၁၀၀) ပြည့်အကြိုမဂ္ဂဇင်း ထုတ်ဝေရန် စီစဉ်လျက်ရှိရာ ရန်ကုန်ဂေါက်ကွင်း ဂေါက်အသင်းနှင့် ပတ်သက်သည့် အထောက်အထား၊ စာရွက်စာတမ်း၊ ဓာတ်ပုံများရှိပါက ခေတ္တ ငှားရမ်းခြင်းသို့မဟုတ် ပေးလှူခြင်းပြုကြပါရန် အဆိုပါ မဂ္ဂဇင်းတွင် မိမိထည့်လိုသည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများကို အတွင်းရေးမှူး ရန်ကုန်ဂေါက်အသင်း တည်င်းကုန်း၊ အင်းစိန်ထံသို့ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံထားသည်။ **(က-ပ)**

စက်တင်ဘာ ၁၃ ရက်က ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည် ဦးဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အစိုးရ ရပ်ကွက်အတွင်းရှိ ကမ်းနားလမ်းနှင့် ဗိုလ်ငမောက်လမ်းဆုံရှိ တြိဂံပန်းခြံအတွင်း ပေါင်းမြက်ရှင်းလင်းခြင်း၊ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။(ခရိုင် ပြန်/ဆက်)



အုတ်ဖိုမြို့နယ်နှင့်ကြို့ပင်ကောက်မြို့နယ်အတွက် ၂၀၀၃ ခုနှစ် လယ်ယာ သန်းခေါင်စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက် အုတ်ဖိုမြို့နယ် မြေစာရင်းဦးစီးဌာနတွင် ကျင်းပရာ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးသိန်းမြင့်က စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

တကူကူးစာပေ အမှတ် ၂၈၁/၂၈၃၊ဗိုလ်ဆွန်ပက်လမ်း၊ ရန်ကုန်၊ ဖုန်း–၇၀၅၅၆၂က ထုတ်ဝေဖြန့်ချိလိုက်သည့် ကလောင်ရှင် အမေ့သား၏ အမေနှင့် အမေ့ကဗျာများစာအုပ် မျက်နှာဖုံး။ (က–ပ)



ဓနုဖြူမြို့နယ်ဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

ဓနုဖြူ စက်တင်ဘာ ၂၈

၂၀၀၃ခုနှစ် ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် ညနေက ဓနုဖြူမြို့နယ် အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သိန်းက အမှာစကား ပြောကြားပြီးပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ဖွင့်ပွဲအခမ်းအနား အပြီးတွင် လမန်းကျေးရွာဘောလုံးအသင်းနှင့် ကျောင်းစုကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ လမန်းကျေးရွာ ဘောလုံးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ပြိုင်ပွဲတွင် ဓနုဖြူမြို့နယ် အတွင်းမှ ကျေးရွာဘောလုံးအသင်း ၃၀ ပါဝင် ယှဉ်ပြိုင်ကြသည်။ **(က–ပ)**

ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ပထမမြန်မာရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်(First Myanmar Investment Co., Ltd.)၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ကျင်းပရာ FMI Co., Ltd. အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး FMI Co., Ltd. ဥက္ကဋ္ဌ ဦးလှကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Managing Agent Mr. Serge Pun က FMI Co., Ltd. ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး အစုရှယ်ယာရှင်များနှင့် ဧည့်သည်တော်များ၏ ဆွေးနွေးမေးမြန်းအကြံပြုချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ၂၀၀၂–၂၀၀၃ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည် အစီရင်ခံစာကို အတည်ပြုခြင်း၊ ၂၀၀၃–၂၀၀၄ခုနှစ်အတွက်အမှုဆောင် ဒါရိုက်တာများ ရွေးချယ် တင်မြှောက်ခြင်း၊ စာရင်းစစ် ခန့်အပ်ခြင်းတို့ ဆောင်ရွက်ကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

FMI ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများတွင် ရိုးမဘဏ်၊ လှိုင်သာယာမြို့နယ်ရှိ FMI City အိမ်ရာများကိုဖော်ထုတ်ခဲ့သည့် FMI Garden Development Ltd.၊ ဆူဇူကီးမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ယင်းမော်တော်ယာဉ်များကို ဖြန့်ချိသည့်လုပ်ငန်း၊ နိဆန်းမော်တော်ယာဉ်များကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိသည့်လုပ်ငန်း၊ Mitsubishi ဓာတ်လှေကားနှင့် စက်လှေကားများ ဖြန့်ဖြူးရောင်းချရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း၊အိမ်အမိုးဒိုင်းများ၊ ပရိဘောဂများထုတ်လုပ်ခြင်းနှင့် အိမ်တွင်းအလှဆင်လုပ်ငန်းများလုပ်ကိုင်သည့် WTI ၊ ခြသေ့်အမှတ်တံဆိပ် အသင့်ရောစပ်ပြီး ကွန်ကရစ်များပြုလုပ်သည့် Myamar V-Pile အုပ်စုနှင့် ရှိုင်းလျှော်ဖွပ်လုပ်ငန်းများ ပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးခင်စိုး၊ ဒေါ်ခင်ခင်မိသားစု အမှတ် ၆၁၊ ကုက္ကိုလ်လမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်က အမှတ် ၁၂၀၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်ရှိ နာရေးကူညီမှု အသင်းဖြစ်မြောက်ရေးကော်မတီ ရုံးခန်းတွင် နာယကဦးရဲမြင့်ထံသို့ အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းစဉ်။(က–ပ)

ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းဖွင့် ဖလားဘောလုံးပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲကို ယမန်နေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက လယ်ယာထွက်ကုန်အသင်းကို ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းနှင့် လယ်ယာထွက်ကုန်အသင်းတို့သည် ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ယှဉ်ပြိုင်ကစားပြီးသည်အထိ တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်နေသည်။ ဒုတိယပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းမှ အားကစားသမားနှစ်ဦး ထုတ်ပယ်ခြင်းခံရသဖြင့် အချိန်ပိုတွင် ကိုးဦးတည်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ ပြီးဆုံးသည်အထိ အနိုင်ဂိုးမသွင်းနိုင်သဖြင့် ပယ်နယ်တီအထိ ခရီးဆက်ခဲ့ရသည်။

ပယ်နယ်တီငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက သုံးလုံးကန်သွင်းရာ သုံးဂိုးဝင်ပြီး လယ်ယာထွက်ကုန်အသင်းက လေးလုံးကန်သွင်းရာ တစ်ဂိုးသာဝင်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကစုစုပေါင်း ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗိုလ်စွဲသွားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဆုဖလားပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

စက်တင်ဘာ ၂၈ ရက်က အမက (၂၄) သာကေတ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကိုကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်ယဉ်သန်းက ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ဇင်ညီညီစိုးအား ဆုချီးမြှင့်စဉ်။ (က–ပ)

ကြက်လည်လိမ်ရောဂါကာကွယ်ဆေးဖြင့် မျက်စဉ်းခတ်၍ကာကွယ်နိုင်မှုသရုပ်ပြ

မအူပင် စက်တင်ဘာ ၂၀

မအူပင်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာခင်စောဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ စသန်းဝင်းနှင့် ဝန်ထမ်းများ မအူပင်မြို့နယ်အတွင်းရှိဒေသကြက်များအား မျက်စဉ်းခတ်၍ အပူဒဏ်ခံကြက်လည်လိမ်ရောဂါမှ ကာကွယ်နိုင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက် နံနက်က မအူပင်မြို့နယ် တလုပ်လပ်ကျေးရွာတွင် မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးချစ်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များက အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေးဖြင့် ကြက်များကိုမျက်စဉ်းခတ်၍ လည်လိမ်ရောဂါမှ ကာကွယ်နိုင်မှုကို လက်တွေ့သရုပ်ပြသသည်။ (၄၂၁)

အင်္ဂလိပ်စကားပြောနှင့် ကျွမ်းကျင်မှုသင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၈

Y.E.S Language Centre မှ ၁၀တန်းနှင့် ၁၀ တန်းအောင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဘွဲ့ရများနှင့် အင်္ဂလိပ်စာ လေ့လာလိုသူများအတွက် Vocabulary Enrichment သင်တန်းကို စက်တင်ဘာ ၂၉ ရက်တွင်လည်းကောင်း၊ Basic Spoken English သင်တန်းကို စက်တင်ဘာ ၂၉ ရက်နှင့် အောက်တိုဘာ ၁၈၊ ၂၀၊၂၅၊၂၇ ရက်များတွင်လည်းကောင်း၊ Pre-Intermediate English သင်တန်းကို အောက်တိုဘာ ၄ ရက် နှင့် ၂၀ ရက်တွင်လည်းကောင်း၊ Intermediate English သင်တန်းကို အောက်တိုဘာ ၂၅ရက်နှင့် ၂၇ရက်တွင်လည်းကောင်း၊ TOEFL Grammar Prepartory သင်တန်းကို အောက်တိုဘာ၂၅ ရက်တွင်လည်းကောင်း ဆရာဦးမြင့်အောင်ကိုယ်တိုင် သင်ကြားသော S.A.T°°I သင်တန်းကို အောက်တိုဘာ ၇ ရက်နှင့် TOEFL နှင့် IESTS သင်တန်းကို အောက်တိုဘာ ၂၀ ရက်နှင့် ၂၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ Y.E.S Language Centre အမှတ်၁၁၉၊ Y.W.C.A အဆောက်အအုံ ပထမထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၈၂၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။**(က–ပ)**

ကောင်းသန့်စာပေ အမှတ် ၂၀၉၊ပထမထပ်(ယာ)၊ ၃၈ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၇၂၂၀၅၃ က ဖြန့်ချိသည့် ပျဉ်းမနားမောင်နီသင်း၏ မဝတ်ရည်အတွက် ပုံပြင်များစာအုပ် မျက်နှာဖုံး။ (က–ပ)



ကျန်းမာရေးစောင့်ရှောက်မှု ကူညီပံ့ပိုးပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၈

ရဟန်းရှင်လူပြည်သူများအား လူမျိုးမရွေး ဘာသာမရွေး အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော သက်တမ်း (၆၆)နှစ်ရှိ မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံတွင် အထူးကုဆရာဝန်ကြီးများက ခေတ်မီကိရိယာများ၊ ခေတ်မီဆေးဝါးများဖြင့် အပြင်လူနာ၊ အတွင်းလူနာများကို လက်ခံကုသပေးလျက်ရှိသည့်အပြင် မွေးလူနာများကို၂၄နာရီမွေးဖွားပေးလျက်ရှိသည်။

စေတနာရှင်ပြည်သူများ၏ အလှူငွေများဖြင့် ရပ်တည်နေရသည့် မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံ အဓွန့်ရှည်ရပ်တည်နိုင်ရေးအတွက် အမှတ် ၁၉၆/၂၀၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း–၃၇၆၆၄၈၊ ၃၈၁၈၉၂၊ ၃၈၁၈၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

တာချီလိတ် မြို့တွင်း ရေမြောင်းများ ရေးစီးရေလာကောင်းမွန်ရေးအတွက် ပုန်းထွန်ရပ်ကွက် စိန်ပန်းလမ်းကမ္ဘောဇ်ဘဏ်ကြီးကျောင်းရှေ့လမ်းဖြတ်ကွန်ကရစ် ရေထုတ်မြောင်းလုပ်ငန်း လုပ်ဆောင်မှုကို ဩဂုတ် ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က–ပ)

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော ကမ်းနားလမ်း မြစ်ကမ်းထိန်းကျောက်သားနံရံ တည်ဆောက်နေမှုကို စက်တင်ဘာ ၁၉ ရက်က အမှုဆောင် အရာရှိ ဦးမျိုးနှင့် အငယ်တန်းအင်ဂျင်နီယာ ဒေါ်ခင်မာမာဝင်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။(က–ပ)

ကညွတ်ကွင်းအထက မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးစည်းဝေး

ကညွတ်ကွင်း စက်တင်ဘာ ၂၄

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထကကျောင်းတွင် ၁၉၅၇ ခုနှစ်မှ စတင်၍ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများ၏ (၁၈) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး အစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက်က အောင်တော်မူခန်းမတွင် ကျင်းပပြီး ဥက္ကဋ္ဌ ဦးချစ်စမ်းပါ ကော်မတီဝင် ၂၁ ဦးရွေးချယ်ကြသည်။ ဆရာကြီးဆရာမကြီး ၂၈ဦးအား အောက်တိုဘာ ၁၂ ရက်၌ ပူဇော်ကန်တော့မည်ဖြစ်၍ ဦးလူကလေး ဖုန်း-၇၀၈၇၅၂ ရန်ကုန်၊ ဒေါက်တာကျော်မြင့် ဖုန်း-၇၇တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ရောဝတီတိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ပူးပေါင်းပြီး လူထုတွင်း ရှေးဦးပြုစုခြင်း နည်းပြသင်တန်း(၆/၂၀၀၂) ကို စက်တင်ဘာ ၁၈ ရက်က ပုသိမ်တက္ကသိုလ်နေမျိုးဆောင်ခန်းမတွင် ကျင်းပစဉ်။

(၁၀၈)

ကျိုက်ခမီဘုရား ... မြန်မာပြည်
ဖွံ့ဖြိုးခေတ်စည် မြန်မာပြည်
ဖွံ့ဖြိုးခေတ်စည် မြန်မာပြည်
ဖွံ့ဖြိုးခေတ်စည် မြန်မာပြည်
(၁၉၈၈- ၂၀၀၃)
ထွက်ပြီ
စာပေဗိမာန်စာအုပ်ဆိုင်၊ ၅၂၉ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း- ၃၈၁၀၄၅၀
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း၊
ရန်ကုန်မြို့၊ ဖုန်း- ၂၉၄၃၃၀၆
စာပေဗိမာန်စာအုပ်ဆိုင်၊ ရတနာပုံဈေးသစ် (ဒုတိယထပ်)၊ မန္တလေးမြို့၊

တိုင်းမိခင်နှင့်ကလေးအသင်း ကြီးကြပ်မှုကော်မတီနာယက ရေကြည်၊ ဟသ်ာတ၊ အင်္ဂပူနှင့် မြန်အောင်မြို့နယ်အသင်း လုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီးဒေါ်တင်တင်လတ်သည် အသင်းကြီးကြပ်မှုကော်မတီဝင်များ လိုက်ပါလျက်စက်တင်ဘာ ၂၃ ရက်နံနက်က ရေကြည်မြို့ ရေကြည်ဦး ဧည့်ရိပ်သာသို့ သွားရောက်ပြီး ရေကြည်မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်ပြုံးမြတ်နှင့်အသင်းဝင်များအား တွေ့ဆုံကာ အသင်း၏ လုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီနာယကသည် ဟသ်ာတမြို့ ရုံးကြီးလမ်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးနှင့်သားဖွားခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အသင်းကြီးကြပ်မှုကော်မတီနာယကသည် အင်္ဂပူမြို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ လည်းကောင်း၊ မြန်အောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ လည်းကောင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး အသင်း၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်၊ ညောင်တုန်းမြို့နယ်ဥက္ကဋ္ဌဦးနေထွန်းနှင့် အဖွဲ့ဝင်များ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျုံတမာကျေးရွာအုပ်စုမှ ကျေးလက်အိမ်ရာများကို စက်တင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(၀၉၈)

အင်းချောင်းအတွင်း ငါးမျိုးစုံစုပေါင်းစိုက်ထည့်

ပန်းတနော် စက်တင်ဘာ ၁၇

ပန်းတနော်မြို့နယ် ခဲနွဲကတိုကျေးရွာရှိအင်းချောင်းအတွင်း ငါးမျိုးစုံစုပေါင်းစိုက်ထည့်ခြင်းအခမ်းအနားကို ဖိုးလမင်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုကုမ္ပဏီလီမိတက်ရုံးခန်း၌ စက်တင်ဘာ ၁၆ ရက် နံနက်ကကျင်းပရာ ဖိုးလမင်းကုမ္ပဏီလီမိတက် လုပ်ပိုင်ခွင့်ရ အင်းဂရန် ၁၂ ဂရန်အတွင်းသို့ ငါးမြစ်ချင်း ၅၀၀၀၀၀၊ တီလားဗီးယား အနီ ၃၀၀၀၀၊ ငါးဖားမ ၃၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ၅၆၀၀၀၀ ကို စိုက်ထည့်ကြသည်။ **(ယာပုံ)**

အလားတူ ၎င်းအင်းချောင်းများအတွင်း သဘာဝငါး၊ ငါးရံ့၊ ငါးပြေမ၊ ဘီလား၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်း၊ ငါးဖယ်၊ ငါးဟင်းဂံ၊ ငါးမြစ်ချင်း ငါးမျိုးကောင်ရေ ၁၄၂၀၀၀ကို ငါးမျိုးချန်လွှတ်ခဲ့ပြီး ယခုစတုတ္ထ အကြိမ်ထိ ငါးမျိုးစိုက် ထည့်သည့် ငါးမျိုးကောင်ရေမှာ ၁၁၅၂၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

(၃၂၇)

ကမ္ဘာ့ ရှေးဦးသူနာပြုနေ့ အထိမ်းအမှတ်ကျင်းပ

တန့်ဆည် စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ကမ္ဘာ့ရှေးဦးသူနာပြုနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် အခြေခံကြက်ခြေနီသင်တန်း (၁/၂၀၀၃) ဆင်းပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း ဆယ်သိန်းတန် ခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁)မြို့နယ်ရဲတပ်ဖွဲ့မှူး ညီညီထွန်းနှင့်မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်သန်းလှတို့က အမှာစကားများ ပြောကြားသည်။

ဆက်လက်၍ ကြက်ခြေနီတပ်ဖွဲ့ သင်တန်းမှူးဦးဆွေဆွေတင့်က ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ရှေးဦးသူနာပြုနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲဆုရကျောင်းသားများ၊ ကြက်ခြေနီစာတွေ့ လက်တွေ့စွမ်းရည်ပြိုင်ပွဲဆုရတပ်သားများနှင့် သင်တန်းဆင်း လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

(က-ပ)

မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်ပွဲဖွင့်

အင်းတော် စက်တင်ဘာ ၁၆

အင်းတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်အားကစားကွင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်လေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲသို့ အင်းတော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ဘောလုံးအသင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ကွင်းဖွင့်ပွဲနေ့ ပထမပွဲစဉ်တွင် အောင်ဇေယျရပ်ကွက်နှင့်ချမ်းမင်္ဂလာရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

(၁၃၃)

မြန်မာ့အသံ

၃၀-၉-၂၀၀၂
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၀:၀၀ ဇကာဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာရန် ဓမ္မပူဇာတေး
၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (စက်မှုဖွံ့ဖြိုးရေး-၁၈)
၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့ဇာတိဂုဏ်ကို မြှင့်တင်သော သတ္တိဝေါဟာရ)(ညွှန့်ဟံ-ကြူတော)
၁၂:၀၀ သူ့အတွေးနဲ့သူ့အရေး (အောင်မြင်ခြင်းသို့ ခြေလှမ်းဆယ်လှမ်း-လှဖုန်းအောင်)
၁၂:၂၀ ဇာတ်လမ်းပမာနာဆင်စရာ (တစ်လှည့်မေတ္တာ)
၁၂:၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (မန်းရာပြည့်ဂီတာဦးတင်နဲ့ ဆွေးနွေးခန်း)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သတ္တမတန်း-စာရိတ္တနှင့် လောကနီတိ)

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (အတွေးမမှားအလေးထားစရာ)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၀ ကမ္ဘာ့ဂီတ
၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဘိုးလင်းအားကစား အခြေခံသမိုင်းအကြောင်း) (ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၉:၁၅ ကျန်းမာရေးနဲ့ဆေးပညာ (ကျန်းမာပျော်ရွှင်ဘဝတစ်ခွင်)
၂၀:၃၀ လပတ်မိုးလေဝသခန့်မှန်းချက် ကလေးများ၏ ဉာဏ်စမ်းပဟေဠိအစီအစဉ်

ဖခင်အမည်မှန်

အထက(၂)ဒဂုံမြို့သစ်တောင်ပိုင်း ဒသမတန်း(B)မှမောင်စိုးနိုင်၏ဖခင်အမည်မှန်မှာ ဦးတင်သိန်းဖြစ်ပါကြောင်း။ **ဦးတင်သိန်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ် တော်သလင်းလဆန်း ၉ ရက်
(၂၀၀၂ ခုနှစ် စက်တင်ဘာလ ၄ ရက်)

၁။ ၂၀၀၃ခုနှစ် အောက်တိုဘာလ ၁၅ရက်မှစ၍ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာ ရယူလိုသူများသည် ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၉ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

လှိုင်သာယာမြို့နယ်၊ သောင်ကြီးခွင်တောင်ပိုင်း၊
အဆင့်(၂)မြေတိုင်း
အမှတ်(၃) ၌ မြေကွက်ဝယ်ယူထားသူများသိရှိရန်

၁။ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာနှင့်ဈေးအနီး၊ မြေတိုင်းရပ်ကွက်အမှတ်(၃)တွင် ဤဦးစီးဌာနမှ ၁၉၉၃ ခုနှစ်က ဝယ်ယူခဲ့သော မြေကွက်များ၌ မြေကွက်ပိုင်ရှင်များသည် ယခုအချိန်ထိ အိမ်ရာများဆောက်လုပ်ခြင်းမပြုဘဲ မြေကွက်လပ်များအဖြစ်ထားရှိခြင်းကြောင့် ကျူးကျော်တဲများ၊ စည်းကမ်းမဲ့စွာ ဝင်ရောက်ဆောက်လုပ်နေထိုင်ခြင်း၊ အချို့မြေကွက်ပိုင်ရှင်များကလည်း မိမိတို့၏မြေကွက်အတွင်း တဲအိမ် (၃)လုံး(၄)လုံး ဆောက်၍ ယာယီနေထိုင်ရန် ငှားရမ်းလျက်ရှိခြင်းကြောင့် မီးဘေးစိုးရိမ်ရပြီး အဆင့်လွန်စွာနိမ့်သည့် ရပ်ကွက်တစ်ခုအသွင် ဖြစ်ပေါ်နေပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်လွတ်ပိုင်ရှင်များအနေဖြင့် မိမိတို့ပိုင်မြေကွက်များပေါ်တွင် (၃၁-၁၂-၂၀၀၃) ရက်နေ့ နောက်ဆုံးထား၍ အဆောက်အအုံများ စနစ်တကျဆောက်လုပ်ကြရန်နှင့် ဆောက်လုပ်ခြင်းမရှိပါက မြေငှားစည်းကမ်းဖောက်ဖျက်မှုဖြင့် မြေငှားလိုင်စင်/ဂရန်များ ပယ်ဖျက်၍ ဤဦးစီးဌာနအစီအစဉ်ဖြင့် အိမ်ရာများဆောက်လုပ်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အလွှာအရှင်မြတ်အမိန့်တော်ခံယူခြင်း
ဗိုလ်မှူး(ခ)ဦးတင်အေး
(M.M.A-ဘဏ္ဍာရေးမှူး)
အသက်(၇၂)နှစ်

ထားဝယ်ခရိုင်၊ ကံပေါက်ကျေးရွာနေ (စက်ဆရာဦးရာမာန်-ဒေါ်ပု) တို့၏သား၊မွန် ပြည်နယ်၊ပေါင်မြို့နေ (ဦးဒါဝတ်-ဒေါ်စိန်ညွန့်) တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄)၊ ၁၃၆ လမ်းနေ ရဟီမာဘီ(ခ)ဒေါ်အမာ၏ ခင်ပွန်း၊ ဦးမြင့်စိုး-ဒေါ်သန်းသန်းရီ၊ဦးငွေစိုး-ဒေါ်မိမိခိုင်၊ ကိုအေးချို-မခင်ကြွယ်ကြွယ်ခိုင်(မန္တလေး)၊ ကိုခင်လတ်၊ မသီတာအေး-ကိုမြင့်သိန်း(တိုက်ကြီး)၊ မမာလာအေး-ကိုနိုင်ဝင်း၊ မောင်တင်ထွေး (ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊မြေး၁၇ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၄-၉-၂၀၀၃ ရက် ည ၁၁ နာရီတွင် အလွှာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၂၅-၉-၂၀၀၃ ရက် ဇိုဟိုရ်နာမာဇ်အပြီးတွင် ရေဝေးစွန်နီမွတ်စလင်သုသာန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလွှာအရှင်မြတ်အမိန့်တော်ခံယူခြင်း
ကပ္ပတိန်ငွေအောင်(ခ)
ဦးအောင်ကျော်
(M.V Bostan U.A.E)
(စိန်ပေါလ်ကျောင်းသားဟောင်း)
အသက်(၅၈)နှစ်

(အငြိမ်းစား ကြေးနန်းမင်းကြီး ဦးမြင့်အောင်)-(ဒေါ်ညွန့်ရင်)တို့၏သား၊ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် (၂၉) နေ (ဦးညွန့်မောင်)-ဒေါ်မြနွယ် တို့၏သားသမက်၊ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးငွေအောင်(ခ) ဦးအောင်ကျော်သည် ၂၅-၉-၂၀၀၃ ရက် မွန်းလွဲ ၁နာရီတွင် အလွှာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစ္စရ်ဝတ်ပြုအပြီး ရေဝေးမွတ်စလင်ကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အများသိစေရန်

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အစင်ရွာနေ ဒေါ်အေး၊ ဦးဖေအောင်၊ ဒေါ်ငယ်လေးတို့၏ ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

မွန်ပြည်နယ်၊ရေးမြို့နယ်၊အစင်ရွာ၊ ကမ်းနားကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း အရှေ့တွင်ရှိသော အကျယ် ပေ၄၀Xပေ၆၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တို့မှာ ဦးဖိုးထွေး၊ ဒေါ်ထော်ဒေါင်းတို့ ပိုင်ဆိုင်သော မြေနှင့်နေအိမ်ဖြစ်ပါသည်။ ယခုအခါ ဦးဖိုးထွေး-ဒေါ်ထော်ဒေါင်း တို့မှာ ကွယ်လွန်သွားကြပြီဖြစ်၍ ၎င်းတို့၏သားသမီး ခုနစ်ဦးမှ ဆက်လက်ပိုင်ဆိုင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေနှင့် နေအိမ်အား ဦးဖိုးထွေး၊ ဒေါ်ထော်ဒေါင်း တို့၏သားသမီး ခုနစ်ဦးနှင့် အမွေခံတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ သတိပေး တားမြစ်ချက်ကို လိုက်နာခြင်းမရှိက ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ငွေ B.A, H.G.P.,R.L
တရားရုံးချုပ်ရှေ့နေ(စဉ်-၃၅၅၅)
အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၅၂၉၂

ဝမ်းနည်းကြေကွဲခြင်း
ဦးသောင်း(ညောင်လေးပင်)
အမှတ်(၂)စက်မှုဝန်ကြီးဌာန M.I.C.S (၈၃)နှစ်

ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်း-ဒေါ်ညွန့်ညွန့်ကြည်တို့၏ဖခင်၊ ဦးသောင်း (၈၃)နှစ် သည်ရန်ကုန်မြို့ ၂၆-၉-၂၀၀၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲမိပါကြောင်း။ **စီမံကိန်းမန်နေဂျာမိသားစုနှင့် ဝန်ထမ်းများ**
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
တည်ဆောက်ခြင်း စီမံကိန်း (M.I.C.S)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၃၇/၂၀၀၃
(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲတွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
လက်ထောက်အင်ဂျင်နီယာ (အီလက်ထရွန်နစ်)	အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့	၁၀ နေရာ

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၁-၁၀-၂၀၀၃ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀) ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရအမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၁-၁၀-၂၀၀၃နေ့အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၁-၁၀-၂၀၀၃ နေ့အရောက်ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၅-၁၁-၂၀၀၃ နေ့နှင့် ၁၆-၁၁-၂၀၀၃ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၃-၁၁-၂၀၀၃ နေ့မှစ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၈၁၆၃ သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၃၈/၂၀၀၃
(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ အလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး)	ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရ ပြည်သူ့စာရင်းကိုင်အောင် လက်မှတ်ရရှိသူ	၂ နေရာ

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၁-၁၀-၂၀၀၃ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀) ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၁-၁၀-၂၀၀၃ နေ့အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊နှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများသို့လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၁-၁၀-၂၀၀၃ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၅-၁၁-၂၀၀၃ နေ့နှင့် ၁၆-၁၁-၂၀၀၃ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၁၃-၁၁-၂၀၀၃ နေ့မှစ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်၊တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိန်ဟိုး (မြိတ်) (၈၅)နှစ်

ဦးချောက်ချက်-ဒေါ်ကြည်တို့၏ အစ်မသည် ၁၇-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြင်ပွန်း-ဒေါ်ရှင်မာ မိသားစု၊ မြိတ်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးသောင်း (ညောင်လေးပင်)
အသက်(၈၃)နှစ်

ဦးရဲထွန်း(ဦးဆောင်ညွှန်ကြားရေးမှူးM.I.C.S)-ဒေါ်ညွန့်ညွန့်ကြည်တို့၏ဖခင် ဦးသောင်းသည် ၂၆-၉-၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အစိုးရနည်းပညာကောလိပ်စီမံကိန်း
ဝန်ထမ်းမိသားစု(M.I.C.S)၊ M.D.Y

တပ်ကြပ်ကြီးမြတ်မိုးမင်း
(အောင်လံ)
(ကိုယ်ပိုင်အမှတ်-၉၇၉၂၆၁)
အသက်(၃၅)နှစ်

အောင်လံမြို့နေ (ဦးလှမောင်)-ဒေါ်လှရီ၊ ဦးအုန်း-ဒေါ်ငယ်လေး၊ ဒေါ်ကြည်အေး(အရာခံဗိုလ်၊ငြိမ်း)တို့၏မြေး၊ သာယာဝတီမြို့နေ ဦးအောင်လင်း-ဒေါ်စန်းရီ၊ အောင်လံမြို့နေ ဦးမြင့်စိုး-ဒေါ်စန်းစန်းငွေတို့၏တူ၊ ဦးအေးကြိုင်-ဒေါ်ကြည်သိန်း တို့၏သားကြီး၊ မောင်သန့်ဇော်စိုး၊ ဦးအောင်မိုး-ဒေါ်ဖြူဖြူစိုး၊ မောင်ဇော်ဇော်လင်း၊ မောင်ထွန်းထွန်းလင်းတို့၏ အစ်ကိုကြီးသည် ၂၄-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၀၃ရက်တွင် သာယာဝတီမြို့ တောင်ကြီးသုသာန်၌ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးမျိုးခင်
ဒုညွှန်မှူး၊ လဝက(ငြိမ်း) ရန်ကုန်တိုင်းဦးစီးမှူး
အသက်(၆၇)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၆၅၂၊ မဟာဗန္ဓုလလမ်း၊ (၃၆)ရပ်ကွက်နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဦးကျော်ဝင်းစိန်-ဒေါ်နီနီမျိုးခင်၊ ဦးသန့်စင်(မြို့နယ်မှူး၊ လဝက၊ သာကေတ)-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်းဦး-ဒေါ်လှလှတင့်၊ (ဦးရွှေသန်း)-ဒေါ်ကေသီမျိုးခင် (Kid Care Pre School)၊ ဗိုလ်မှူးမိုးကျော်ဆွေ(ရေ)-ဒေါက်တာခင်စန္ဒာ၊ ဒေါက်တာမောင်မောင်အောင်-ဒေါ်မိုးသီတာမျိုးခင်တို့၏ဖခင်၊ မြေး ၁၆ ယောက်တို့၏အဘိုးသည် ၂၉-၉-၂၀၀၃ ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဒဂုံမြို့သစ်နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမင်းစိန်လွင်
(ညွှန်ကြားရေးမှူး၊ မြေတိုင်းဦးစီးဌာန)
အသက်(၄၈)နှစ်

ဦးစိန်လွင်-ဒေါ်ခင်လှကြည်(ခေတ္တ-USA)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၃၀၆၊ အခန်း ၄ နေ ဦးလှဦး-ဒေါ်ခင်လှတို့၏သားသမက်၊ ဒေါ်ခင်သစ်ဦး၏ခင်ပွန်း၊ မသီရိသက်ထားလွင် (ပဉ္စမတန်း-D၊ အထက-၁၊ ဒဂုံ)၊ မခိုင်သန္တာလွင် (ဒုတိယတန်း-G၊ အထက-၁၊ ဒဂုံ)၊ မဆန်းအိန္ဒြာလွင်တို့၏ဖခင်၊ ဒေါက်တာကျော်ထွန်း-ဒေါက်တာလင်းစန္ဒာလွင်(ခေတ္တ-USA)၊ ဒေါက်တာဇေယျာဝင်း-ဒေါ်လှမြတ်လွင် (ခေတ္တ-UK)၊ ဒေါက်တာစိန်ဝေလွင်(ခေတ္တ-UK)တို့၏ အစ်ကိုကြီး၊ မမိုးမိုးထွန်း၊ မောင်အောင်ဥက္ကာ၊ မောင်အောင်အာကာတို့၏ဦးလေးသည် ၂၆-၉-၂၀၀၃ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးမြမောင်(ငြိမ်း)-ဒေါ်တင်မိုးရီတို့၏ သမီးကြီး၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု၏ဇနီး ဒေါ်မေသန်းစိုး(ခ)ဒေါ်ရီရီမြ ကွယ်လွန်ကြောင်း သိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရှမ်းညီနောင်ပွဲရုံ ဘွားဘွားဒေါ်ခင်ထွေး၊ဦးမော်ဟိန်း-ဒေါ်ခင်မြင့်မိသားစု။

ဦးရွှေလုံး (ထားဝယ်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ၁၈ လမ်း၊ အမှတ် ၈၂၊ အပေါ်ထပ်နေ (ဒေါ်ကျွေ)၏ ခင်ပွန်းသည် ၂၈-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့) ည ၁၁း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဆရာဦးတင်ငွေ (ငြိမ်း)
အထက၊ဥက္ကံမြို့
အသက်(၇၀)

တိုက်ကြီးမြို့နယ်၊ဥက္ကံမြို့၊ဗိုလ်ချုပ်အောင်ဆန်းရပ်ကွက်၊ ၁ လမ်းနေ(ဦးအဗ္ဗဒူလ်ဝါဟစ် - ဒေါ်ဂူလာဘီယာ)တို့၏ တစ်ဦးတည်းသောသား၊ ဒေါ်သန်းကြည်၏ခင်ပွန်း၊ ဒေါ်ခင်သန်းငွေ၊ ဦးမောင်မောင်-ဒေါ်လှလှဝင်း၊ဦးဇော်ဝင်း(တပ်မတော်-လေ)ဒေါ်မြမြလွင်၊ ဦးကျော်စိုးမိုး-ဒေါ်သီတာတို့၏ဖခင်၊ မြေး ရှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုးသည် ၂၇-၉-၂၀၀၃ရက်(စနေနေ့)ညနေ ၄း၂၅ နာရီတွင် အထက်ပါနေအိမ်၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အေယာနမာဇ်အပြီး ဥက္ကံကဘာရ်စ္စတန်ဥယျာဉ်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ကြံ့တီရင်ဆင်း(ခ)
ဦးတင်စိန်(ခ)အပု (တွံတေး)
အသက်(၈၀)

[ကြံ့ဆွိလျှန်(ခ)ဦးဘုန်းကြီး-ဒေါ်ရှမ်းမ]တို့၏သား၊ (ဒေါ်ကျင်ယုံ၊ ဒေါ်ကျင်သိန်း)တို့၏ခင်ပွန်း၊ မမြင့်မြင့်သန်း(ခေတ္တ-USA)၊ (ကိုကျော်စိုး)-မလှလှမြင့်၊ ကိုအောင်မိုး၊ ကိုအောင်မင်း(ခေတ္တ-USA)၊ မနုနုရီ၊ မနုနုဝင်း၊ ကိုသက်ဦး - မသီသီဆွေ၊ ကိုစိုးနိုင်၊ မဘောဘီသန်း-ကိုဝင်းတင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၂၈-၉-၂၀၀၃ ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၀၃ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၄၇၀/က၊ ၁၃လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ မုခ်ဦးဒါယိကာမကြီး
ဒေါ်တင်လှိုင်
(ကုလားချောင်းကြီးကျေးရွာ)
အသက်(၇၆)နှစ်

သနပ်ပင်မြို့နယ် ကုလားချောင်းကြီးကျေးရွာနေ (ဦးဘိုးကြီးအို-ဒေါ်ဖော့)တို့၏သမီး၊ (ဦးဘိုးဆိုင်-ဒေါ်လှကျော့)တို့၏သမီးချွေးမ၊ အမှတ် ၈၆၊ စက်မှုလက်မှု ၄ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကင်းဖေ)၏ဇနီး၊ ဦးတင်ရွှေ-(ဒေါ်မြင့်ရွှေ)၊ ဦးသောင်းဆွေ-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်မြင့်(ရေနံ)-ဒေါ်ယဉ်ယဉ်လှ၊ ဦးကြီးမြင့်-ဒေါ်မာမာ၊ ဦးကျော်မြင့်(ကိုသဲ)-ဒေါ်ကြည်ကြည်အေး၊ ဦးအောင်လွင်-ဒေါ်မြင့်မြင့်ဌေး၊ ဦးထွန်းမြင့်-ဒေါ်ခင်မာတင်၊ တကကက ခင်မောင်သန်း-ဒေါ်မြတ်မြတ်ထွေးတို့၏မိခင်၊ မြေး ၂၅ ယောက်၊ မြစ် ၁၈ ယောက်တို့၏အဘွားသည် ၂၈-၉-၂၀၀၃ရက်(တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၀၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ရှုတင် (ဖွားပိန်)
(ရေးမြို့)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်း၊ တိုက် ၁၊ အခန်း ၅၊ ပဲခူးကလပ်ရိပ်သာနေ (ဦးစံအောင်-ဒေါ်မာတင်)တို့၏သမီး၊ (ဒေါ်စောမြင့်)၏ညီမ၊ (ဒေါ်ခင်ရီ)-ဦးဘလှိုင်၊ ဒေါ်ညွှန့်ညွှန့်-ဦးစောမောင်၊ ဒေါ်အုန်းရီတို့၏အစ်မ၊ (ဒေါ်မြသန်း)-ဦးသန်းနိုင်၊ (ဒေါ်မြကြူ)-ဦးဘွန်စိန်တို့၏အဒေါ်၊ ဒေါ်ဝင်းမာ-ဦးကြင်မြင့်၊ ဦးစိုးဝင်း-ဒေါ်တင်ဝေဦး၊ ဒေါ်နွယ်နွယ်ယဉ်-ဦးအောင်ကျော်မိုး၊ ဒေါ်ဝင်းမေသန်း-ဦးစောအောင်ခမ်း၊ ဒေါက်တာလှလှခိုင်-ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဟန်၊ ဒေါ်ထွေးထွေးအောင်-ဦးဟန်တင်တို့၏အဘွား၊ မြစ် ၁၅ ယောက်၊ တီတစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၉-၂၀၀၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင်ကွယ်လွန်သွားပါ၍ ၁-၁၀-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။[အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ မော်တော်ယာဉ်များ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု၏ဇနီး ဒေါ်မေသန်းစိုး(ခ)ဒေါ်ရီရီမြင့် အသက်(၄၈)နှစ်သည် ၂၆-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားရပါကြောင်း။ **ဦးဇော်ဝိတ် အုပ်ချုပ်မှုဒါရိုက်တာနှင့် Fisca Enterprises မိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု၏ဇနီး ဒေါ်မေသန်းစိုး အသက် (၄၈)နှစ်သည် ၂၆-၉-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုမျိုးညွန့်အောင်-မနီလာခင်
ရန်ကုန်တိုင်းရွှေခြင်္သေ့သမဝါယမအသင်းလီမိတက်။

ဒေါ်လှမြင့် (တာမွေ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၁၇နေ ဦးထွန်းသောင်း၏ဇနီး၊ ဦးသန်းဖေ-ဒေါ်ချိုချို၊ ဦးခင်မောင်ရွှေ-ဒေါ်သန်းသန်းဌေးတို့၏မိခင်၊ ဦးရဲမြင့်(ဒု-အကောက်ခွန်မှူး)-ဒေါ်အေးစန္ဒာရွှေ၊ (ဦးမင်းရွှေ)-မယုယုခင်၊မောင်တင်မောင်ရွှေ၊ဒေါက်တာစိမ်းလဲ့ရွှေ၊ (မောင်မျိုးသန့်)၊ မမိုးသီတာ၊ (မောင်အောင်သူ)-မငယ်၊ (မောင်ညီညီထွေး)တို့၏အဘွား၊ တင်အောင်ရွှေ၊ ရွှေပိုးအိမ်၊ စိမ်းလဲ့နှင်း၊ အေးအေးဝင့်သူ၊ နှင်းအိအိရွှေ၊ နန္ဒာမင်းရွှေတို့၏ဘွားဘွားသည် ၂၈-၉-၂၀၀၃ ရက်(တနင်္ဂနွေနေ့) ညနေ ၆း၀၅ နာရီတွင် ရန်ကုန်နှလုံးအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၉-၂၀၀၃ ရက်(အင်္ဂါနေ့)ညနေ ၅ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်အေး
(ရွှေပလောင်ကဖီး၊မန္တလေး)
အသက်(၆၅)နှစ်

(ဦးဖန်စီချွမ်း)-ဒေါ်ကျင်မြိုင်တို့၏သမီး၊ (ဦးကွမ်း)-ဒေါ်ခင်မြင့်တို့၏သမီးချွေးမ၊ မန္တလေးမြို့၊၈၆ လမ်း၊ ၂၉/၃၀ လမ်းကြား ရွှေပလောင်ကဖီးနေ ဦးကြည်အောင်၏ဇနီး၊ ဦးအောင်ကျော်မြင့်-ဒေါ်ကေသီဝင်း၊ ဦးအောင်ကျော်သိန်း-ဒေါ်နိုင်နိုင်အောင်၊ ဒေါ်သန်းသန်းဦး-ဦးမောင်မောင်ကျော်၊ ဒေါ်စန်းစန်းယု(ခေတ္တ-USA)-ဦးတင်အောင်(ခေတ္တ-USA)၊ ဒေါ်စန်းစန်းနု-ဦးမောင်မောင်ထွန်းတို့၏မိခင်၊ မြေး ၁၀ ယောက်၏ အဘွား၊ ဒေါ်မြင့်မြင့်လွင်၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မြင့်မြင့်ဦးတို့၏ အစ်မသည် ၂၈-၉-၂၀၀၃ရက်(တနင်္ဂနွေနေ့)နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကြာနီကန် ဖုကျင့်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ကြိုင် (အင်းစိန်)
အသက်(၆၄)နှစ်

အင်းစိန်မြို့နေ (ဦးအောင်ခင်-ဒေါ်မြခင်)တို့၏သမီး၊ (ဦးစံရွှေ)-ဒေါ်ငြိမ်းသွယ်တို့၏သမီးချွေးမ၊ ဦးတင်အေး-(ဒေါ်တင်ရွှေ)၊ ဦးစိန်ဟန်-ဒေါက်တာအေးအေးမြတ်တို့၏ညီမ၊ ဦးကျော်လှိုင်-ဒေါ်တင်လှိုင်၊ ဦးမြင့်ကြည်-ဒေါ်တိုးရီ၊ ဦးသန်းမြင့်-ဒေါ်မြကြည်တို့၏အစ်မ၊ ဦးခွန်စံရီ၏ဇနီး၊ ဗိုလ်မှူးကိုကိုကြီး-ဒေါ်ကေသီစံတို့၏မိခင်၊ မောင်အောင်ကိုကိုဟိန်း၊ မောင်ပြည့်ဖြိုးကိုကို၊ မောင်ရဲဝင်းကိုကိုတို့၏အဘွားသည် ၂၉-၉-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၀၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၂၂၊ လှိုင်မြစ်လမ်း၊ အင်းစိန်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးညွန့်မောင်
တပ်မတော်(ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း ၆ လမ်း၊ အမှတ် ၁၀၃ နေ(ဦးဘိုးပြောင်-ဒေါ်ဖန်)တို့၏သား၊ (ဦးကျော်ဇေယျ-ဒေါ်ပု)တို့၏သားသမက်၊ ဦးအုံးရွှေ-ဒေါ်မြသီတို့၏ညီ၊ ဦးအုန်းမောင်(ဦးအုံးသောင်)-ဒေါ်မှတ်တင်၊ (ဦးတင်သိန်း)-ဒေါ်တင်တင်ရှိန် (မင်္ဂလာဈေး)၊ ဒေါ်တင်စိန်၊ ဦးဟန်ဝင်း-ဒေါ်ခင်မြင့်တို့၏ အစ်ကို၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ ကိုပြုံးချို-မချောယဉ်၊ မရီရီဝင်း(နန်းထက်သာ အထည်ဆိုင်၊မင်္ဂလာဈေး)၊ မစန်းစန်းဝင်း၊ မောင်ထိန်လင်း-မကေသီ၊ မမြမြလွင်၊ မနီနီထွေး၊ မောင်ဝင်းစိုးတို့၏ဖခင်၊ မောင်ပြည်ကျော်ဦး၊ မောင်ကျော်နိုင်၊ မတင်ဇာလှိုင်၊ မောင်သိန်းဌေးအောင်၊ မောင်သန်းထိုက်အောင်၊ မနှင်းဝတ်ရည်လင်း၊ မောင်ဟိန်းထက်လင်းတို့၏ အဘိုးသည် ၂၉-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊မုခ်ဦးဒါယိကာမကြီး
ဒေါ်ငွေကြည် (ညောင်တုန်း)
အသက်(၆၈)နှစ်

(ဦးဝမ်းတစ်-ဒေါ်သဲခင်)တို့၏သမီး၊ ညောင်တုန်းမြို့၊ အမှတ် ၄၆၊ ၂၂ လမ်းနေ ဦးရလှိုင် (ဗဟိုရ်ကားအသင်း)၏ဇနီး၊ ဦးသောင်းအေး-ဒေါ်နှင်းရီ၊ ဦးဝင်းမြင့်-ဒေါ်ခင်ဝင်းမေ၊ ဒေါ်ကျင်ကျင်အေး၊ ဦးဟုတ်စိန်-ဒေါ်မေသူစိုး၊ ဦးစိုးလှိုင်-(ဒေါ်အေးငြိမ်းစိုး)၊ ဒေါ်ကြည်ကြည်အေးတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၂၈-၉-၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ညောင်တုန်းမြို့ငြိမ်းချမ်းမြေ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်လှ (မွန်ထမင်းဆိုင်)
(မိုးကုတ်ယောဂီ)
(ကော့နပ်၊ ဖဲကတာ)
အသက်(၆၀)

မွန်ပြည်နယ်၊ ကော့နပ်ရွာနေ (ဦးတွတ်-ဒေါ်ဖွားခက်)တို့၏ သမီး၊ (ဦးဗျင်း-ဒေါ်ငြိမ်းအောင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ ၇ လမ်း၊ အမှတ် ၉၂၇ နေ ဒုအရာခံဗိုလ်စံသိန်း (တပ်မတော်-ရေ၊ ငြိမ်း)၏ဇနီး၊ ကိုမင်းစိုးဦး-ဒေါ်တင်တင်ဝေ၊ ကိုမင်းမင်းဦး-မအေးမြင့်ဇင်၊ကိုမင်းနိုင်ဦး-မသိန်းသိန်းညွန့်(ကကငွေ)တို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂၈-၉-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၉-၂၀၀၃ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးထွန်းကြွယ် (ကျွဲကူး)
အသက်(၆၆)နှစ်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ၊ ကျွဲကူးရွာနေ (ဦးအောင်မြိုင်-ဒေါ်သိန်းရင်)တို့၏သား၊ (ဦးမောင်ခ-ဒေါ်တုတ်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈)ရပ်ကွက်၊ မြတ်မင်္ဂလာလမ်း၊ အိမ်အမှတ် ၅၀၅ နေ ဒေါ်တင်တင်ရှန်၏ခင်ပွန်း၊ ကိုထင်ကျော်-မကြည်ကြည်ဌေး၊ ကိုဇင်ဘို၊ ကိုသစ်လွင်ဦး-မဖြူဖြူထွန်း၊ (မအေးမိထွန်း)၊ ကိုစန်းမင်းထွန်း(ခ)ကိုမော်ကြီး-မဝင်းဝင်းမော်၊ ကိုခိုင်မင်းထွန်း-မတင်မာသွင်၊ ကိုမင်းထွန်း-မသန်းသန်းထွေး၊ ကိုနိုင်မင်းထွန်း၊ ကိုဇေယျာမင်းထွန်းတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၂၉-၉-၂၀၀၃ရက်(တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်လှရီ
(ညောင်လေးပင်၊သုဝဏ္ဏ)
အသက်(၆၂)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၄၊ အခန်း ၄ နေ(ဦးရွှေဂုဏ်-ဒေါ်သိန်းတင်)တို့၏သမီး၊(ဦးစောလှ-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးထွန်းလှိုင်၏ဇနီး၊ ကိုသူရလှိုင် (Uniteam) - မဖြူပြာ၊ ဗိုလ်ကြီးကျော်လှိုင်-မညီညီထွေး၊ မမေမျိုးထွန်း(MRTV)၊ ကိုမျိုးသီဟလှိုင် (Lizstar)၊ မဇာရီထွန်း(AWB)တို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွားသည် ၂၆-၉-၂၀၀၃ရက် (သောကြာနေ့)တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြခင် (မန္တလေး)
သီဝံဆေးတိုက်မိခင်ကြီး
အသက်(၈၇)နှစ်

မန္တလေးမြို့၊ ၈၁ လမ်း၊ ရှမ်းပွဲရုံ၊ သီဝံဆေးတိုက်(သီဝံဆရာချစ်)၏ဇနီး၊ ဦးရွှေမောင်၏အစ်မကြီး၊ ဦးစောထွန်းမိန်း - ဒေါက်တာဒေါ်တင်အေးကြည်(ဆေးရုံအုပ်ကြီး၊ ကလေးဆေးရုံကြီး၊ မန္တလေးမြို့)၊ ဦးမော်မော်-ဒေါ်ခင်စန်းလွင်၊ ဦးမြအောင်-ဒေါ်နွဲ့နွဲ့ရည်၊ ဦးငြိမ်းချမ်း-ဒေါ်တင်တင်ဝင်း၊ ဒေါ်စန်းစန်းမြင့်(အလက-၂)၊ ဒေါ်ရွှေရွှေ (အင်းဝဟိုတယ်)၊ ဒေါ်နုနုလွင်(အထက-၂၂)တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၉-၂၀၀၃ရက်(သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၉-၂၀၀၃ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊နတ်လမ်း ဒါယကာကြီး
ရွှေပန်းထိမ်ဆရာကြီး
ဦးအေးပို
ထန်းတပင်(အလိမ်လည်)
အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးဖိုးစု-ဒေါ်အေးတင့်)တို့၏ သားကြီး၊ (ဦးဘအေး-ဒေါ်တင်ရွှေ)တို့၏သားသမက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက်အဟောင်း(၁)၊ အခန်း ၇ နေ ဒေါ်သောင်းသောင်း(ဥက္ကံမြို့နယ်၊ ရာသက်ပန်အသင်းဝင်)၏ ခင်ပွန်း၊ (ဦးစိန်ထွန်း-ဒေါ်ခင်စန်း)၊ ဦးတင်အေး-ဒေါ်ခင်စိန်၊ (ဦးကျော်မြင့်)-ဒေါ်စန်းနွဲ့တို့၏အစ်ကိုကြီး၊ ကပ္ပတိန် ဦးကျော်ရင်-ဒေါ်သစ်သစ်ခိုင်တို့၏ဘကြီး၊ ဦးစိုးနိုင်-ဒေါ်ယဉ်ကြည်(သမဝါယမဦးစီးဌာနရုံးချုပ်၊အမျိုးသားညီလာခံ)၊ (ဦးမျိုးဇင်)-ဒေါ်ဝင်းမြင့်သန်း(B.T.B ကုမ္ပဏီလီမိတက်)၊ (ဒေါ်ညီညီသင်း)၊ ဒေါ်စိုးစိုးသင်း(CB Bank)၊ ဒေါ်သီတာပို၊ (ဒေါ်အောင်အောင်)တို့၏ ဖခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၂၉-၉-၂၀၀၃ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်အမာကြည်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြကန်သာ ၂ လမ်း၊ အမှတ် ၁၀ နေ (ဦးပါကြူ-ဒေါ်သန်းရင်)တို့၏သမီး၊ (ဦးလှရွှေ)၏ဇနီး၊ ဦးသန်းဝင်း၊ ဦးအုန်းသန်း(အထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း) ဒေါ်တင်ဝင်း၊ ဦးအေးရွှေ-ဒေါ်ကြည်ဝင်းတို့၏မိခင်၊ မောင်နေမျိုးဝင်း၊ ဗိုလ်ကြီးကျော်စိုးမင်း-မဇင်မိုမိုအောင်၊ဗိုလ်ကြီးထွန်းလှဝင်း၊ မောင်ဇေယျာဝင်း၊ မောင်မျိုးသူရ၊ မအေးဝင်းဝင်းထိုက်၊ မခင်ဇာလီကျော်၊မခင်ဇာခြည်ကျော်တို့၏အဘွားသည် ၂၈-၉-၂၀၀၃ရက်(တနင်္ဂနွေနေ့)နံနက် ၂း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဇော်ထွန်း
B.Sc (Engg:)
ဒုဌာနမှူး၊လမ်း/တံတား၊(ငြိမ်း)
(မြို့တော်စည်ပင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၇၊ မဟာဇေယျလမ်းနေ (ဦးသိန်းအုံ-ဒေါ်မြကြည်)တို့၏သား၊ ဒေါ်ခင်မာကြည် (အထက-၄၊ ပုဇွန်တောင်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးသိန်းထွဋ် (စည်ပင်)၊ ဒေါ်ကြူကြူမာ (မြန်မာ့လေကြောင်း)၊ ဦးသန်းထွဋ်တို့၏ဖခင်၊ ဦးဝမ်းအောင်-ဒေါ်ရီရီတို့၏ညီ၊ ဦးစိန်ဝင်း- ဒေါ်ခင်အုန်းသန့်တို့၏ အစ်ကိုသည် ၂၈-၉-၂၀၀၃ရက် နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နာဂိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၄)ဝါ

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ ဝေဇယန္တာစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၄)ဝါရှိ ဆရာတော် ဘဒ္ဒန္တ နာဂိန္ဒ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက် (၂၈-၉-၂၀၀၃ရက်)တနင်္ဂနွေနေ့ နံနက် ၆း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် (၂-၁၀-၂၀၀၃ရက်) ကြာသပတေးနေ့၌ အန္တိမဈာပန ပူဇာသဘင်ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဝေဇယန္တာစာသင်တိုက်၏သာသနာ့နုဂ္ဂဟအသင်း။

ရဟန်းအမကြီး
ဒေါ်တင်ကြည် (မလက်တို)
အသက်(၈၀)

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ မလက်တိုကျေးရွာနေ (ဦးလွင်-ဒေါ်လှရေ)တို့၏သမီး၊ရန်ကုန်မြို့၊မ/ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ၊ နွယ်သာကီ ၇ လမ်း၊ အမှတ် ၃၀၆ နေ ဦးထွန်းအောင်၏ဇနီး၊ ဒေါ်မြင့်မြင့်အေး(ကပရ၊ရုံးချုပ်)၊ ဦးသိန်းဇော်(ကပ-ခွဲ၊ အင်းစိန်)-ဒေါ်မြင့်မြင့်လွင်(ကပရ၊ ရုံးချုပ်)တို့၏မိခင်သည် ၂၉-၉-၂၀၀၃ရက် ညနေ ၄း၁၄ နာရီတွင် မ/ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက် ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးကံဦး (ငြိမ်း)
(ကြည်း-၈၇၆၃) (လပွတ္တာ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အမှတ် ၁၃၉/၂၊ သံသုမာလမ်း၊ စုပေါင်းရပ်ကွက်နေ (ဦးစိန်-ဒေါ်ဆုံ)တို့၏သား၊ (ဦးအုံးစိန်-ဒေါ်ထွေး)တို့၏သားသမက်၊ ဒေါ်သီသီစိန်၏ခင်ပွန်း၊ ဦးရဲဝင်း(သယ်ပို့/စက်ပြင်၊ MOGE) - ဒေါ်မော်မော်ဦး (အမက-၁၇၊သဃ်န်းကျွန်း)၊ ဦးသော်ဦး (ဟိုတယ်/ခရီး) - ဒေါ်ကြူကြူဆွေ (ဥပဒေဌာန၊ ရတနာပုံ တက္ကသိုလ်)၊ (ဦးအောင်ကျော်ဦး)တို့၏ဖခင်၊ မောင်ဝင်းပြည့်ဖြိုး၊ ဗိုလ်လောင်းနိုင်လင်းဦး (DSTA)၊ မဝင့်မိုမိုကျော်၊ မောင်အောင်ကိုဇင်(X.B TTC)တို့၏အဘိုးသည် ၂၈-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မအေးအေးမြင့်
Grand Pharmacauticale Co., Ltd.
အသက်(၃၇)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ ၂၀၊ အမှတ် ၁၉၆ နေ ဦးသန်းမောင်-ဒေါ်စန်းမြင့်တို့၏သမီး၊ ဦးစိုးမြင့်ကြည် - ဒေါ်ခင်သန်းမြင့် (ခေတ္တ-USA)၊ ကိုထင်အောင်တို့၏ ညီမ၊ ဒေါ်ကြည်ကြည်ဝေ (အလက-၅၊ လှိုင်ကော်)၊ကိုအောင်ကျော်ဦး-မအေးအေးမြိုင်၊ မမြင့်သန်းနွယ်၊ ကိုမြတ်အောင်၊ကိုမြတ်ခိုင်တို့၏အစ်မ၊ မအိမ်စည်ပွင့်၊ မောင်လင်းထက်အောင်၊ မအေးသန္တာတို့၏အဒေါ်သည် ၂၈-၉-၂၀၀၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုမြတ်သူ (မန္တလေး)
အသက်(၂၉)နှစ်

တမူးမြို့နေ ဦးသန်းထွန်း-ဒေါ်သန်းစိန် (ပါဝါရောင်းဝယ်ရေး)တို့၏ သားကြီး၊ မန္တလေးမြို့၊ ၃၃/၃၄ လမ်းကြား၊ ၈၃ လမ်းနေ ကိုကျော်သူ၊ ဗိုလ်ကြီးအောင်ခင်မိုး-မမေသူတို့၏အစ်ကို၊ မခင်နှင်းအေး၏ခင်ပွန်းသည် ၂၉-၉-၂၀၀၃ ရက်(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်ပါ၍ ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီတွင်အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမောင်တင်
(လဝက၊ ငြိမ်း)
အသက်(၈၄)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးအပိုင်၊ စိန်ဟိုင်းကျေးရွာနေ (ဦးရွှေထိန်-ဒေါ်မယ်ထိန်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်ခင်ကြည်)၊ ဦးအောင်ကြည်၊ ဒေါ်သန်း၊ ဦးမြင့်ဦး-ဒေါ်မတာ၊ ဦးမောင်အုန်း(ဌာနစုမှူး၊ ဈေးများဌာန၊ ရန်ကုန်စည်ပင်)-ဒေါ်ခင်မြင့်၊ ဦးထွေး-ဒေါ်အုန်းမြတို့၏အစ်ကို၊ (ဒေါ်စိန်မေ)၏ခင်ပွန်း၊ ဦးမြင့်သန်း-ဒေါ်စိန်စိန်၊ ဦးမောင်မောင်ဌေး(ဌာနခွဲမှူး၊ အင်/ယာဌာန၊ ရေသန့်၊ ရန်ကုန်စည်ပင်) - ဒေါ်ဌေးဌေးရီတို့၏ဖခင်၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ မဟာဆိုရှယ်လမ်း၊ အမှတ် ၂၈၊ လှည်းတန်းနေ ဦးမောင်တင်သည် ၂၉-၉-၂၀၀၃ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမ
ဒေါ်လှလှမြတ်(ခ)ဒေါ်လှလှ
အထက်တန်းသူနာပြု
ဆရာမကြီး(ငြိမ်း)
အသက်(၆၄)နှစ်

မြောင်းမြမြို့နေ (ဦးသိန်းမောင်-ဒေါ်တင်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်းနေ (ဦးကောက်-ဒေါ်အုန်းကြည်) ဘိုဘိုအောင်ဆေးတိုက်တို့၏ သမီးချွေးမ၊ အမှတ် ၂၁-G(၂)သာသနာ့ရိပ်သာလမ်း၊ဗဟန်းမြို့နယ်နေ(ဦးအောင်ကျင်) AE 3၊ တိုင်းဆောက်လုပ်ရေး(၁၁)ငြိမ်း၏ဇနီး၊ (ဦးကိုကိုလေး)-ဒေါ်မြင့်မြင့်တို့၏ညီမ၊ ဦးကျော်ဇောလင်း - ဒေါ်ပပကျင် (မေဘရက်ဂီ- Jewellery)၊ ဦးဆန်းမောင်ဝင်း(ခ) သားသား - ဒေါ်သက်သက်ကျင် (Pizza. Corner.Co)တို့၏ မိခင်၊ မပွင့်သရဖီ(ခ)ပူးပူး(Y.I.E.C)၊ မသိမ့်သရဖီ (ခ) Cookie (Y.I.E.C)၊ မောင်နေဝင်းထက် (ခ) Du Du (Y.I.E.C)၊ အဲအဲလေးတို့၏အဘွားသည် ၂၈-၉-၂၀၀၃ရက် နံနက် ၈း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ဆွေဆွေအောင်
B.Sc (Physics)
အသက်(၄၈)နှစ်

အမှတ် ၂၈၊ မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေ (ဗိုလ်မှူးကြီး ဒေါက်တာမောင်မောင်အောင်)-ဒေါ်လီလီအောင်တို့၏ သမီးထွေး၊ (ဦးထွန်းရီ)-ဒေါ်ခင်ညွန့်တို့၏ သမီးချွေးမ၊ ဒေါက်တာမိုးအောင်-ဒေါက်တာတင်တင်အေး၊ ဒေါက်တာသန့်အောင် - ဒေါက်တာသွယ်သွယ်အောင်၊ ဦးမောင်မောင် - ဒေါ်သီသီအောင်၊ ဦးစန်းလွင်-ဒေါ်စိုးစိုးအောင်တို့၏ညီမ၊ ဦးမောင်မောင်အေး၏ဇနီး၊ မောင်ယာပိုင်သူ (2^{nd} Yr EP GTC Hmawbi)၊ မယုသန္တာအောင်(သတ္တမတန်း-က၊ အလက-၄၊ အင်းစိန်)တို့၏မိခင်၊တူ တူမ ၁၂ ယောက်တို့၏ အဒေါ်သည် ၂၉-၉-၂၀၀၃ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂း၂၅ နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မိုးညှင်းမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၉

ကချင်ပြည်နယ်မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်တင်ဘာ ၂၅ ရက်တွင် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲကျွန်းတွင် ကြည့်ရှုစဉ်။ **(သတင်းစဉ်)**

အရည်အသွေးကောင်းမြန်မာ့ပုလဲများ ကမ္ဘာသိအောင်ထုတ်လုပ် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး တာဝန်ရှိသူများကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၂၉

တနင်္သာရီတိုင်း မြိတ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် အမြန်ရေယာဉ်ဖြင့် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●



အာရှပြေးခုန်ပစ်ပြိုင်ပွဲတွင် တစ်ဟုန်ထိုးနာမည်ကျော်လာသူ ယဉ်ယဉ်ခိုင်

(၂၄-၉-၂၀၀၃ ရက်ထုတ် New Straits Times သတင်းစာပါ သတင်းမှ ကောက်နုတ်ပြန်ဆိုပါသည်။)

စက်တင်ဘာ ၂၃ ရက်က နောက်ဆုံးနေ့အဖြစ် ကျင်းပသော အာရှပြေးခုန်ပစ်ပြိုင်ပွဲတွင် တရုတ်အပြေးမယ်သည် ပြေးလမ်းပေါ်၌ အဟုန်ပြင်းစွာ ပြေးလွှားလျက်ရှိစဉ် သူမကို ယှဉ်ပြိုင်ပြီး မြန်မာအပြေးမယ် ယဉ်ယဉ်ခိုင်သည် အနိုင်ရဗိုလ်စွဲသွားသည့်အတွက် ပြိုင်ပွဲလာ ပရိသတ်အပေါင်းက တအံ့တဩ ဖြစ်ကုန်ကြရသည်။

သူမသည် စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သော မီတာ ၄၀၀ အပြေးပြိုင်ပွဲတုန်းကလည်း အနိုင်ရဗိုလ်စွဲခဲ့ပြီးဖြစ်သည်။ ယနေ့ပြေးရသော မီတာ ၈၀၀ ကွင်းနှစ်ပတ်ပြေးရသောပြိုင်ပွဲ၌လည်း ထပ်မံအစွမ်းပြကာ အနိုင်ယူလိုက်ပြန်သည်။ ယနေ့ သူမတင်ခဲ့သော စံချိန်မှာ ၂:၀၁ ဒသမ ၉၆ စက္ကန့်ဖြစ်သည်။

အာရှပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်စုစုပေါင်း ၄၃ ခုရှိသည့်အနက် တရုတ်ပြေးခုန်ပစ်အသင်းသည် ရွှေစုစုပေါင်း ၁၉ ခုဖြင့် လွှမ်းမိုးထားသည်။ အသက် (၂၆)နှစ်အရွယ်ရှိ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးဒေသမှ မြန်မာအပြေးမယ်က အမျိုးသမီးမီတာ ၈၀၀ ပြိုင်ပွဲတွင် ထပ်မံအနိုင်ရဗိုလ်စွဲသွားသောအခါ ပြိုင်ပွဲတစ်ကွင်းလုံး ဝမ်းပန်းတသာလှုပ်လှုပ်ရွရွဖြစ်သွားကြတော့သည်။

ယဉ်ယဉ်ခိုင်၏ အပြေးမယ်ဘဝ ဇာတ်လမ်းသည် ၁၉၉၃ ခုနှစ် မန္တလေးဒေသဆိုင်ရာပြိုင်ပွဲက စတင်ခဲ့သည်။ သူမသည် မီတာ ၄၀၀ နှင့် တာလတ်အပြေးပြိုင်ပွဲများတွင် တစ်ဟုန်ထိုး နာမည်ရလာခဲ့သည်။ ယခုအခါ ယဉ်ယဉ်ခိုင်သည် အာရှပြေးခုန်ပစ်ပြိုင်ပွဲကို စတင်ခြေချစဉ် အခါကကဲ့သို့ လူမသိသူမသိ အခြေအနေမဟုတ်တော့ပေ။ နာမည်ကျော်တစ်ဦးဖြစ်လာပါပြီ။

သူမကို တစ်ချိန်က နာမည်ကြီး မြန်မာပြေးခုန်ပစ်ချန်ပီယံ သန်းသန်းက ရန်ကုန်မြို့တော်တွင် ကြီးကြပ်လေ့ကျင့်ပေးခဲ့သည်။ ကိုယ်လုံးကိုယ်ပေါက် တုတ်ခိုင်တောင့်တင်းသော ယဉ်ယဉ်ခိုင်၏ ဟန်ပန်မှာ တစ်ဘာသာဖြစ်သည်။ သူမသည် ခြေလှမ်းကျဲကျဲကြီးနှင့် သွက်သွက်မြန်မြန် ပြေးနိုင်သူဖြစ်သည်။ အပြေးဟန်မည်သို့ပင်ရှိပါစေ သူမက အနိုင်ရဗိုလ်စွဲခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၂ ❍

ဂုဏ်ပြုဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၅)ကြိမ်မြောက် အာရှတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ဆု ရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားမယ် ယဉ်ယဉ်ခိုင်အား ဂုဏ်ပြုဆုများချီးမြှင့်စဉ်။

(သတင်း-၁၃)

(သတင်းစဉ်)

30-9 (20).p65 1 3/27/05, 9:43 PM